မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သို့ချစ်ကြည်ရေးခရီးသွားရောက်သည့် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့နံနက် ၈ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

" ဒီမိုကရေစီနိုင်ငံတော်သို့ကူးပြောင်းရေးဖြစ်စဉ် အဆင့်ဆင့်တွင် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ အသိတရားဖြင့်ယှဉ်သော မှန်ကန်သည့် ပူးပေါင်းပါဝင်မှုရရှိစေရေးအတွက် ပညာရေးဝန်ထမ်းများအားလုံးက ပူးပေါင်းဆောင်ရွက် "

ခေါင်းကြီး (စာ-၂)

" အမျိုးသားညီလာခံကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အကျိုးစီးပွားကို ဦးထိပ်ထားပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အသေးစိတ်အခြေခံမူများ ချမှတ်သွားမည် "

အောင်မိုးစံ၏ ဆောင်းပါး (စာ-၁၀)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာရပ်တည် နိုင်ငံသူနိုင်ငံသားများ အသိတရားဖြင့်ယှဉ်၍ ပူးပေါင်းဆောင်ရွက်

အမျိုးသားပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် အရင်းအမြစ်အကျဆုံးနှင့် ပဓာန အကျဆုံးပညာရေးစွမ်းအားစုကြီးသည် အခြေခံပညာကဏ္ဍ ဖြစ်သည်။ အခြေခံပညာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အသိအမြင်သစ်၊ အတွေးအခေါ်သစ်၊ ခွန်အားသစ်နှင့် စွမ်းအားသစ်များပိုမိုတိုးပွား ခိုင်ခံ့စေမည် ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီလ ၁၉ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၆) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

> **"အခြေခံပညာကဏ္ဍသည် အမျိုးသားပညာရေးမြှင့်တင်မှု ဖြစ်စဉ်ကြီးတွင် ထုထည်ပမာဏ အကြီးမားဆုံးနှင့် အခြေခံအကျဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သကဲ့သို့ ကျေးလက်အစွန်အဖျား ဒေသများအထိ လွှမ်းခြုံထားသည့် ကျယ်ပြန့်နက်ရှိုင်းသော ပညာရေးအဆောက်အအုံကြီး တစ်ရပ်လည်း ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အစီအမံများကို အဆင့်အလိုက် ဆီလျော်ညီညွတ်စွာ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍရှိ ဝန်ထမ်းများသည် နယ်စွန်နယ်ဖျားဒေသများ အပါအဝင် ကျေးလက်ဒေသများတွင် စာသင်ကျောင်းများသာမက ပတ်ဝန်းကျင်ဒေသများ၌ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကလေးတိုင်း ပညာသင်ယူခွင့် ရရှိစေရေး၊ ကျောင်းပျက် ကျောင်းထွက်မှု လျော့နည်းပပျောက်စေရေး၊ အတန်းကူးပြောင်း သင်ယူနှုန်းမြင့်မားပြီး အခြေခံပညာအဆင့်အလိုက် ပြီးဆုံးမှုနှုန်း မြင့်မားစေရေး၊ သင်ယူပြီးမြောက်ခဲ့သည့် ပညာရပ်များကို ရပ်ရွာကောင်းကျိုးနှင့် လုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်စေရန်နှင့် သက်ကြီးစာတတ်မြောက်ရေး လှုပ်ရှားမှုများတွင်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

အထူးသဖြင့် ကျေးလက်ဒေသ ပညာရေးအဆင့်အတန်း မြင့်မားစေရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေးဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။ ထို့အပြင် မိမိတို့၏ ကျောင်းနှင့် ရပ်ရွာဒေသ တစ်ဆက်တစ်စပ်တည်းဖြစ်စေပြီး အပြန်အလှန်အကျိုးပြုစေရန်နှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် ရပ်ရွာဒေသက ပူးပေါင်းပါဝင်လာစေရန် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကျောင်းနှင့်ရပ်ရွာ အကျိုးပြု ဖြစ်ထွန်းစေရန် ဆရာ၊ဆရာမများကိုယ်တိုင် ရပ်ရွာဒေသနှင့် မကင်းကွာ စေဘဲ၊ ဆရာ၊ ကျောင်းသား၊ မိဘပြည်သူ၊ ရပ်မိရပ်ဖ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်စေရေးအတွက် ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်မှန်ကန်စွာဖြင့် စံနမူနာပြနေထိုင်ကျင့်ကြံရင်း ရပ်ရွာပြည်သူများအား စည်းရုံးဦးဆောင်သွားကြရန် လိုအပ်သည်။

နိုင်ငံသူ နိုင်ငံသား အများစုနေထိုင်ကြသည့် ကျေးလက်ဒေသများတွင် ကျေးလက်ပြည်သူအားလုံး ပညာရည်မြင့်မားမှသာ တည်ငြိမ်ခိုင်မာသည့် အတွေးအမြင်၊ အဆိုးအကောင်း၊ အကျိုးအပြစ် ဝေဖန်ပိုင်းခြားနိုင်သော စွမ်းရည်၊ အဖျက်သဘောနှင့် အပြုသဘောကို ခွဲခြားသိမြင်နိုင်သည့် အတွေးအခေါ်၊ အသိဉာဏ်၊ ဗဟုသုတတို့နှင့် ပြည့်စုံစေမည် ဖြစ်သည်။ ထိုမျှသာမက မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အနာဂတ်ကို မှန်ကန်စွာ ရွေးချယ်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သို့ကူးပြောင်းရေးဖြစ်စဉ် အဆင့်ဆင့်တွင် အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံသူနိုင်ငံသား ပြည်သူများ၏ အသိတရားဖြင့်ယှဉ်သောမှန်ကန်သည့် ပူးပေါင်းပါဝင်မှုရရှိစေရေးအတွက် ပညာရေးဝန်ထမ်းများအားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗီဇာမလိုဘဲ ခရီးသွားလာရေး အိန္ဒိယနှင့် သုံးနိုင်ငံတို့ စာချုပ်ချုပ်ဆို

နယူးဒေလီ ဖေဖော်ဝါရီ ၁၉

သံတမန်နှင့် တရားဝင် နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ထားသူများ ဗီဇာလွတ် ခရီးသွားလာရေးနှင့်ပတ်သက်သည့် ရိုမေးနီးယား၊ တာဂျီကစ္စတန်၊ လာအိုနိုင်ငံတို့နှင့် ရရှိထားသော သဘောတူချက်များကို အိန္ဒိယအစိုးရက ကြာသပတေးနေ့၌ အတည်ပြုပေးလိုက်သည်။

တာဂျီကစ္စတန်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် လွန်ခဲ့သည့် နိုဝင်ဘာလထဲ၌ သွားရောက်လည်ပတ်စဉ် အဆိုပါ ဗီဇာလွတ်ခရီးသွားလာရေး သဘောတူချက်ကို ရရှိခဲ့ပြီး ရိုမေးနီးယားသမ္မတ အိန္ဒိယနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလထဲ၌ လာရောက်လည်ပတ်စဉ် ယင်းသဘောတူချက်ကို ရရှိ ခဲ့သည်။

အဆိုပါသဘောတူချက်များအရ သံတမန် သို့မဟုတ် တရားဝင် နိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသူ ဖော်ပြပါနိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံတွင် ဝင်ရောက်သည့်အခါ၊ တစ်ဆင့်ကူးပြောင်းသည့်အခါ၊ ရှိနေ သည့်အခါ ဗီဇာလိုအပ်မည်မဟုတ်ဟု ဆိုသည်။ အဆိုပါနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်သူ နိုင်ငံသားတစ်ဦးသည် ရိုမေးနီးယားနိုင်ငံ၌ ဗီဇာမလိုဘဲ ရက် ၉၀ အများဆုံးနေထိုင်ခွင့်ရရှိမည် ဖြစ်သည်။

ယင်းနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသူတစ်ဦးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် တာဂျီကစ္စတန်နိုင်ငံတို့တွင် ဗီဇာမလိုဘဲ ရက် ၃၀ အများဆုံး နေထိုင်ခွင့်ရှိမည်ဖြစ်ကြောင်း အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။ **(အင်တာနက်)**

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၀၅

(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် မြန်မာရသစကားပြေ (ဒုတိယနှစ်–ရသစာပေ အရေးအသားအထူးပြု)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"**(အပိုင်း–၁၃)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း–၆)

ဆူနာမီ သတိပေးသတင်းများ ဂျပန် ထုတ်လွှင့်ပြန်ကြားပေးမည်

တိုကျို ဖေဖော်ဝါရီ ၁၈

ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီသည် အိန္ဒိယသမုဒ္ဒရာနိုင်ငံများသို့ မတ်လ အစောပိုင်းမှစပြီး ဆူနာမီသတင်းများ ပေးပို့ကူညီသွားမည်ဖြစ်ကြောင်း ယင်း ဌာန၏ ညွှန်ကြားရေးမှူးချုပ် ကိုင်ချိနာဂါဆာကာက ကြာသပတေးနေ့က ကြေညာသည်။

ယင်းသဘောတူညီချက်သည် ဇန်နဝါရီလက ဂျပန်နိုင်ငံအနောက်ပိုင်း ကိုဘေးမြို့၌ပြုလုပ်သည့် ကမ္ဘာ့ သဘာဝဘေးဒဏ် လျော့ချရေးဆိုင်ရာ ဖိုရမ်၌ သဘောတူညီခဲ့ခြင်း ဖြစ်ကြောင်း၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဆူနာမီ သတိပေးစနစ်ကိုအသုံးပြု၍ အင်ဒိုနီးရှားနှင့် အခြားအိန္ဒိယ သမုဒ္ဒရာဝန်းကျင် နိုင်ငံများသို့ သတင်းပြန်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ဒီဇင်ဘာလ ၂၆ ရက်က တုန်လှုပ်ခဲ့သော မြေငလျင်နှင့် ဆူနာမီကြောင့် သေဆုံးသူ ၂၀၀၀၀၀ ကျော်ရှိခဲ့သည်။ ယင်းကဲ့သို့ သေဆုံးမှုများခြင်းမှာ ဆူနာမီ သတိပေးစနစ်မရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေနွေးကြမ်းသောက်ခြင်းသည် ဆီးအိမ်ကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၇

ဆီးအိမ်ကင်ဆာဆဲလ်များကို လေ့လာရာမှ ရေနွေးကြမ်းသောက်ခြင်းသည် ကင်ဆာရောဂါဖြစ်ပွားမှုကို တိုက်ဖျက်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ရေနွေးကြမ်းမှထွက်ရှိသော အာနိသင်သည် ကင်ဆာဆဲလ်များ ရှင်သန်မှုကို ဟန့်တားပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ထုတ်ဝေသော ကင်ဆာသုတေသနဆိုင်ရာ ဆေးပညာဂျာနယ်တစ်ခုတွင် ဖော်ပြထားသည်။

ကင်ဆာရောဂါ ဖြစ်ပွားမှုကို အဆိုပါရေနွေးကြမ်းမှရရှိသော အာနိသင်က မည်သို့မည်ပုံ တိုက်ဖျက်ကြောင်း ဖော်ထုတ်နိုင်သည်ကိုလည်း လော့စ်အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့အတူ တရုတ်လူမျိုးတို့၏ ရိုးရာဖြစ်သော ရေနွေးကြမ်းကို နေ့စဉ် တစ်ခွက်ကျ သောက်သုံးပါကလည်း ကင်ဆာရောဂါဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း အဆိုပါ တက္ကသိုလ်မှ ပါမောက္ခ ကျင်ယုရိုက ပြောကြားသည်။ သူသည် ကင်ဆာရောဂါ သုတေသနပြု အဖွဲ့ကို ခေါင်းဆောင်နေသူတစ်ဦး ဖြစ်သည်။

ရေနွေးကြမ်းကို နေ့စဉ်သောက်သုံးပါက သွေးလေလည်ပတ်မှု ကောင်းမွန်ပြီး ကင်ဆာရောဂါ ဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း၊ ဆီးအိမ်ကင်ဆာဖြစ်ပွားသူ ရောဂါသည်များကို အထက်ပါအတိုင်း စမ်းသပ်ကြည့်ခဲ့ရာမှ ယင်းကဲ့သို့ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ လူသားများတွင် ဖြစ်ပွားသော ဆီးအိမ်ကင်ဆာအပါအဝင် အခြားကင်ဆာရောဂါများကို ရေနွေးကြမ်းတွင်ပါဝင်သော အာနိသင်က တိုက်ဖျက်နိုင်ကြောင်း ပါမောက္ခ ကျင်ယုရိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အကပဒေသာများဖြင့်ဖျော်ဖြေမှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေး အတွက် နေ့စဉ်ည ၇နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ လဟာပြင်ကဇာတ်ရုံ၌ ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကပဒေသာများဖြင့် ရှုမငြီးဖွယ် ဂုဏ်ပြုဖျော်ဖြေတင်ဆက် ကြသည်။

ကြည့်ရှုအားပေး

အဆိုပါဂုဏ်ပြုဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိ သူများနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ပွဲတွင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မြန်မာဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ် တီးဝိုင်းတို့က ပဏာမဗျည်းခံဂီတသံ ဖြင့်လည်းကောင်း၊ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူလေး များက တေးသီချင်းများ၊ ရုပ်သေး ပဒေသာအကများ၊ စုပေါင်းအက ပဒေသာများဖြင့် လည်းကောင်း၊ သဘင်ပညာဌာနမှ လက်ထောက် ကထိက ဒေါ်မော်မော်စိန်က တိမ်မြုပ် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော မြန်မာတို့၏ ရွှဲပညာကို ဖော်ထုတ်ပြသ သည့်'ရွှဲအက'ဖြင့်လည်းကောင်း ရှုမငြီး ဖွယ်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုဖျော် ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုဆုငွေများကို လည်း ကောင်း၊ အမျိုးသားညီလာခံ ကိုယ် စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြ သည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် တက်ရောက်ကြည့်ရှုအားပေး ကြသည့် အမျိုးသားညီလာခံကိုယ်စား လှယ်များနှင့် ဧည့်ခံဖျော်ဖြေတင်ဆက် ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကြသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ အ တွင်း ရေး မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ကြ သည့် ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်း သူများအား ဂုဏ်ပြုဆု ငွေများ ပေးအပ်ချီးမြှင့် စဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Pablito A. Mendoza နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အကြီးအကဲများလိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မင်းကွန်းတောရကမ္မဋ္ဌာန်းကျောင်းတိုက် ဝိဇာတမင်္ဂလာပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း မင်းကွန်းတောရ ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက သက်တော်(၉၆)နှစ် သိက္ခာတော် (၇၇)ဝါရှိ သက်တော်ရှည်ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲကို မင်းကွန်း ပဋိပတ္တိသာသနနုဂ္ဂဟအသင်းကြီးနှင့် ဒါယကာ ဒါယိကာမ၊ ယောဂီများက ပင့်သံဃာအပါး ၁၀၀တို့အား နေ့ဆွမ်းဆက်ကပ်ပူဇော်ကြမည့် တပို့တွဲ လပြည့်ကျော် ၄ရက် (ဖေဖော်ဝါရီ၂၇ရက်) တနင်္ဂနွေနေ့နံနက်တွင် စုပေါင်း ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

✡ ကျောဖုံးမှ

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာဘာသာရပ်	၂၂-၂-၂၀၀၅
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၂၃-၂-၂၀၀၅
၃။	အင်္ဂလိပ်စာဘာသာရပ်	၂၄-၂-၂၀၀၅
၄။	သင်္ချာဘာသာရပ်	၂၅-၂-၂၀၀၅
၅။	ဓာတုဗေဒဘာသာရပ်	၂၆-၂-၂၀၀၅
၆။	ရူပဗေဒဘာသာရပ်	၂၇-၂-၂၀၀၅
၇။	ဇီဝဗေဒဘာသာရပ်	၂၈-၂-၂၀၀၅
၈။	သမိုင်းဘာသာရပ်	၁-၃-၂၀၀၅
၉။	ပထဝီဝင်ဘာသာရပ်	၂-၃-၂၀၀၅
၁၀။	ဘောဂဗေဒဘာသာရပ်	၃-၃-၂၀၀၅

မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၀၅(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၇။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
၁၇:၂၀ ၇။ အကပဒေသာ
၁၇:၃၀ ၈။ အတီးပြိုင်ပွဲ
၁၇:၄၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၁။ မြန်မာစာ မြန်မာစကား
၁၈:၁၀ ၁၂။ Discovery
၁၈:၁၅ ၁၃။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“မျောက်မင်းဂူခုန်း”** (အပိုင်း-၆၉)
၁၈:၃၀ ၁၄။ ညနေခင်းသတင်း
၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၁၅ ၁၇။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၈။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲ ပြပွဲအကြောင်း သိကောင်းစရာ
၁၉:၄၅ ၁၉။ **အမျိုးသားညီလာခံဂုဏ်ပြုတေး**
၂၀:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“သံစဉ်မဲ့ချစ်သူ”** (အပိုင်း-၃၉)
၂၄။ နောက်တစ်နေ့အစီအစဉ်
၂၅။ အစီအစဉ်ပြီး၏။

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အမည်လှရုံဖြင့် မပြည့်စုံပါ

- ❑ အမည်ဆိုတာ၊ ထိုအရာသည် သညာမျှသာ၊ မှန်ဖြစ်ပါ၏။
- ❑ နှင်းဆီထိုပန်း၊ နမ်း၍မဝ မွှေးလွန်းလှသည် အမည်လှ၍မဟုတ်ပါ။
- ❑ မူလဓာတ်ခံ၊ ရည်သွေးမှန်၍ နှုန်းစံပီပြင်၊ ကြည်လင်မွှေးပျံ့ ထိုရနံ့ကြောင့် မွှေးပျံ့နေခြင်းဖြစ်ပါ၏။
- ❑ ထိုသည့်ပုံဟန်၊ နှုန်းစံမမီ ဒီမိုကရေစီ၊ အမည်လှလှ ပါရုံမျှဖြင့်၊ ဘဝခိုင်ကျည် တိုင်းပြည်တည်၍ ရေရှည်ရမည်မဟုတ်ပါ။
- ❑ သဘာဝရေမြေ၊ လူနေစရိုက် ပုံစံကိုက်အောင်၊ ကြံဆောင်ဖွဲ့စည်း အုပ်ချုပ်နည်းသာ၊ ပြည်ရွာတစ်ခု တိုးတက်မှုနှင့်၊ အားထုခိုင်ကျည် တည်တံ့မည်သာ၊ မှန်ဖြစ်ပါ၏။
- ❑ အမည်လည်းလှ၊ ဘဝလည်းမှန် ပုံစံပီပြင်၊ လူရှင်စိတ်ဝမ်း လန်းဆန်းကြည်သာ၊ ချုပ်ခြာခိုင်ကျည် စည်းကမ်းညီသည့် ဒီမိုကရေစီသာ၊ ပြည်မြန်မာကို ရှည်ကြာမွှေးပျံ့၊ ရနံ့မပြယ် တင့်တယ်စေမည်ဖြစ်သတည်း။ ။

နွယ်ချို

အထက (၂) ဒဂုံတောင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အထက(၂)ဒဂုံတောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမား နေ့) နံနက်၉နာရီတွင် ဒဂုံတောင် မြို့နယ်ခန်းမ(ယဉ်ကျေးမှုတက္ကသိုလ်) အနီး၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက် ကြရန်နှင့် လှူဒါန်းလိုသူများ ဆရာမ ဒေါ်တင်တင်ဝင်း ဖုန်း-၅၉၀၇၅၄၊ ကိုတည်ကြည် ဖုန်း-၅၉၀၅၅၅၊ ၅၉၁၃၀၉၊ ကိုလင်းမောင်ခိုင် ဖုန်း- ၇၀၈၈၉၇၊ မကေသွယ်လွင် ဖုန်း- ၇၀၀၉၁၁၊ မခင်ယုယုဝင်း ဖုန်း- ၅၉၀၅၆၃တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နှင့် အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅ (မြန်မာ) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ မြန်မာ့ရိုးရာခြင်းလုံး ဝိုင်းဖွဲ့ အလှခတ် ပြသခြင်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅(မြန်မာ) [World Series International Sepaktakraw Championship -2005 (MYANMAR)] ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲတက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့အားကစား အောင်နိုင်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Maj. Gen. Dr. Charouck Arirachakaran၊ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Abdul Halim Bin Kader နှင့် အဖွဲ့ဝင်များ၊ ဂျူရီနှင့်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် နိုင်ငံများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား မောင်မယ်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် နိုင်ငံများဖြစ်ကြသော ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းဥက္ကဋ္ဌ Maj. Gen. Dr. Charouck Arirachakaran နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစား သမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သရုပ်ပြသ

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ အားကစား သင်တန်းသားများနှင့် မြန်မာ နိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ လက်ရွေးစင် အားကစားသမားများက အင်ဒီယန်း ကလပ်အားကစား သရုပ်ပြသခြင်း၊ မြန်မာ့ရိုးရာခြင်းလုံး ဝိုင်းဖွဲ့အလှခတ် ပြသခြင်းနှင့် အမျိုးသမီး တစ်ဦးချင်း ခြင်းလုံးစွမ်းရည်ပြ အလှခတ်သရုပ် ပြသကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅ (မြန်မာ) ကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ကျင်းပ သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကျန်းမာပျော်ရွှင်စွာ အပန်းဖြေအနားယူလျက်ရှိ

အမျိုးသားညီလာခံ နားရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် အမျိုးသား ညီလာခံကိုယ်စားလှယ်များ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အတွင်း၌ ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့)**တွင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ကျန်းမာပျော်ရွှင်စွာဖြင့် အပန်းဖြေ အနားယူ လျက်ရှိကြသည်။**

အပန်းဖြေ

ထိုသို့ အပန်းဖြေ အနားယူလျက်ရှိရာတွင် အမျိုးသားညီလာခံကိုယ်စား လှယ်များသည် မိမိတို့၏ အိပ်ဆောင်များ၌ တပ်ဆင်ထားရှိသည့် ရုပ်မြင်သံကြား Chanel Line လိုင်းများမှ မိမိတို့ ကြိုက်နှစ်သက်ရာ Chanel များကို ဖမ်းယူ၍ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းနှင့် ရသစုံလင် ကြည့်ချင်ဖွယ်များကို ကြည့်ရှုရင်း အပန်းဖြေအနားယူလျက်ရှိကြသည်။

ထို့ပြင် အမျိုးသားညီလာခံကြီးသို့ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များ ပြန်လည်ဆုံစည်းနေကြ၍ ဝိုင်းဖွဲ့ခြင်းခတ်ခြင်း၊ လက်ဖက်ရည်ဆိုင်များ၌ ဝိုင်းဖွဲ့ လက်ဖက်ရည်သောက်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ အပန်းဖြေလျက်ရှိကြသည်။

ဝယ်ယူအားပေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်ကလည်း အမျိုးသား ညီလာခံကိုယ်စားလှယ်များအား မြန်မာ့အထည်အလိပ်လုပ်ငန်းက ထုတ်လုပ်သည့် အထည်အလိပ်မျိုးစုံ ၅၈ မျိုး၊မြန်မာ့စားသောက်ကုန်လုပ်ငန်းက ထုတ်လုပ်သည့် အချိုရည် အဖျော်ယမကာနှင့် မုန့်မျိုးစုံ ၆၅ မျိုး၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက ထုတ်လုပ်သည့် တိုင်းရင်းဆေးနှင့်ဆေးဝါး၊ လူသုံးကုန်နှင့် အလှကုန်မျိုးစုံ ၇၂ မျိုး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက ထုတ်လုပ်သော ပန်းကန်မျိုးစုံ ၁၈ မျိုး၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်သော ဒိုင်ယာရီနှင့်စာရေးစက္ကူ ၂၇ မျိုး၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းကထုတ်လုပ်သော ထီး၊ ဖိနပ်၊ ကြွေရည်သုတ်နှင့် ပလတ်စတစ်ခွက်မျိုးစုံ၊ အပ်ချုပ်စက်၊ စက်ဘီး ၇၉ မျိုးတို့ကို ရောင်းချပေးလျက်ရှိရာ ညီလာခံကိုယ်စား လှယ်များသည် မိမိတို့ လိုအပ်သောပစ္စည်းများကို ဝယ်ယူအားပေးကြသည်။

ထို့အပြင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (G.E.C) အရောင်းဆိုင် ကလည်း အထည်အလိပ်မျိုးစုံ ၁၀၀၊ စာအုပ်စာနယ်ဇင်းနှင့် လွယ်အိတ် ၂၄ မျိုး၊ စားသောက်ကုန်မျိုးစုံ ၆၈ မျိုး၊ စာရေးကိရိယာမျိုးစုံ ၁၀၀၊ လျှပ်စစ်ပစ္စည်း ၂၆ မျိုးနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချပေးနေမှုကိုလည်း ညီလာခံကိုယ်စားလှယ် များက ဝယ်ယူအားပေးကြသည်။

အားကစားဝါသနာရှိသော အမျိုးသားညီလာခံကိုယ်စားလှယ်များကလည်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်း ကြက်တောင်ရိုက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ခြင်းစသည့် အားကစားနည်းများကို ပျော်ရွှင်စွာ ပြုလုပ်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အစိုးရ၏မှန်ကန်သောမူဝါဒနှင့် အမျိုးသားရေးအကျိုးစီးပွား ရှေးရှုဆောင်ရွက် မျိုးဆက်သစ်ကျောင်းသားကျောင်းသူ လူငယ်များ သားကောင်းသမီးမွန်များဖြစ်လာရေးပျိုးထောင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးများဖြစ်ကြသော ဦးသန်းရွှေနှင့် ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က အမှာစကား ပြောကြားရာတွင် အခြေခံပညာကဏ္ဍသည် အမျိုးသားရေး မြှင့်တင်မှုဖြစ်စဉ်ကြီးတွင် ထုထည်ပမာဏ အကြီးမားဆုံးနှင့် အခြေခံအကျဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သကဲ့သို့ ကျေးလက်အစွန်အဖျား ဒေသများအထိ လွှမ်းခြုံထားသည့် ကျယ်ပြန့်နက်ရှိုင်းသော ပညာရေးအဆောက်အအုံကြီးတစ်ရပ်လည်း ဖြစ်ကြောင်း။

ယုံကြည်ထား

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေးကြိုးပမ်းဆောင်ရွက်မှုများ၌ အရင်းအမြစ်အကျဆုံးနှင့် ပဓာနအကျဆုံး ပညာရေးစွမ်းအားစုကြီးဖြစ်သည့် အခြေခံပညာဆရာဆရာမများကို ယခုကဲ့သို့အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းအားဖြင့် အသိအမြင်သစ်၊အတွေးအခေါ်သစ်၊ခွန်အားသစ်၊ စွမ်းအားသစ်များ ပိုမိုတိုးပွားခိုင်ခံ့စေမှာဖြစ်သည်ကြောင့် ဆရာဆရာမများအနေဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များ ထမ်းဆောင်ကြရာတွင် ပိုမိုပြီး ထိထိရောက်ရောက် တက်တက်ကြွကြွ ထက်ထက်သန်သန် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု နိုင်ငံတော်အစိုးရက ယုံကြည်ထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်းတွင်ရှိအပ်သော အခြေခံအရည်အသွေးတွေဖြစ်သည့် ရပ်တည်ချက်ခိုင်မာမှု၊ ယုံကြည်ချက် ခံယူချက်ခိုင်မြဲမှု၊ လုပ်ငန်းတာဝန်ကျေပွန်မှုနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှု စသည့် အခြေခံကောင်းများကို ယခု အထူးမွမ်းမံသင်တန်းများက ပိုမိုတိုးတက်ခိုင်ခံ့စေမည် အမှန်ပင်ဖြစ်ကြောင်း။

ထိန်းသိမ်းဆောင်ရွက်

ထို့ကြောင့် ဆရာဆရာမများအနေဖြင့် ယခုနိုင်ငံ့ဝန်ထမ်းကောင်းတို့၏ အခြေခံအရည်အသွေးများနှင့်အညီ ရပ်တည်ချက် ခိုင်မာမြဲမြံစွာဖြင့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မူဝါဒများနှင့် အမျိုးသားရေး အကျိုးစီးပွား ရှေးရှုသည့် အပြုသဘောကြိုးပမ်းဆောင်ရွက်မှုများမှာ ပူးပေါင်းပါဝင်ပြီး အဖျက်အမှောင့်သမားများ၏ ပြည်သူ့အကျိုးစီးပွားဆန့်ကျင် လုပ်ဆောင်မှုများကို တွန်းလှန်ကာကွယ်ရာတွင်လည်း ရပ်တည်ချက် မယိမ်းမယိုင် ခိုင်မာတည်တံ့စွာဖြင့် ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု မှာကြားလိုကြောင်း။

ထို့အတူ ယုံကြည်ချက်၊ ခံယူချက်အပိုင်းတွင် မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းပေး သင်ခန်းစာများက ဖန်တီးဖော်ဆောင်ပေးမှုကြောင့် ဖြစ်တည်လာသည့် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ခိုင်ခိုင်မြဲမြဲ မမှိတ်မသုန် ယုံကြည်ခံယူထားကြရန်လိုအပ်မည်မှာ ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

အလားတူ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိသက်ဆိုင်ရာဌာန၏ပင်မတာဝန်ဝတ္တရားများ၊ ကိုယ်စီကိုယ်စီ တာဝန်ခံကြရသည့် တာဝန်ဝတ္တရားများနှင့် နိုင်ငံတော်၏ ပကတိ လိုအပ်ချက်က တောင်းဆိုလာသည့် အမျိုးသားရေးတာဝန်များကို ကျေကျေလည်လည် နားလည်သဘောပေါက်ပြီး မိမိတို့၏ တာဝန်ကျေပွန်စေရအောင် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်မှု အပိုင်းတွင်လည်း နိုင်ငံတော်၏ ဥပဒေ၊စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးတတ်သည့်စိတ်ဓာတ်၊ မိမိသက်ဆိုင်ရာ ဌာန၏ စည်းမျဉ်းစည်းကမ်းနှင့် ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် စိတ်ဓာတ်၊ နိုင်ငံကြီးသားပီသစွာ ပြုမူကျင့်ကြံနေထိုင်တတ်သည့် စိတ်ဓာတ်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားမြဲမြံစွာ စောင့်ထိန်းတတ်သည့် စိတ်ဓာတ်နှင့် နိုင်ငံသူ နိုင်ငံသားတစ်ဦးအနေဖြင့် ထားရှိရမည့် တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ မြင့်မားခိုင်မာမြဲမြံနေစေရအောင် မပြတ်နှလုံးသွင်း စောင့်ထိန်းကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့်မျိုးဆက်သစ်ကျောင်းသူကျောင်းသား၊ လူငယ်လူရွယ်များကို နိုင်ငံတော်က အားထားရသည့် သားကောင်းသမီးမွန်များ ဖြစ်လာစေရအောင် ပညာရေးကဏ္ဍကနေ တာဝန်ယူ ပြုစုပျိုးထောင်ပေးနေသည့် ဆရာဆရာမတို့အနေဖြင့် ယခု အခြေခံကောင်း၊အရည်အသွေးကောင်း၊အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းတွေကို လူငယ်များ၏ ဖြူစင်နုနယ်သည့် နှလုံးအိမ်ထဲမှာ ဘဝတစ်သက်တာလုံးအတွက် စွဲမြဲခံယူသွားစေရန် ယခုအရွယ်ကပင် မျိုးစေ့ချ ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

ကျေပွန်အောင်ထမ်းဆောင်

ယနေ့အချိန်အခါလို ပညာရေးကအရာရာကိုပိုင်းဖြတ်ပေးနေသည့် ပညာခေတ်ကြီးတွင် ဆရာ ဆရာမတို့သည် ပညာရေး ဝန်ထမ်းတစ်ဦးအနေဖြင့် မွန်မြတ်မြင့်မားသည့် အမျိုးသားရေးတာဝန်များကိုထမ်းဆောင်နေရကြောင်း၊ မိမိနိုင်ငံ မိမိလူမျိုး၏ အနာဂတ်ရေးကို အမျိုးသားရေး အကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ ဖန်တီးပုံဖော်ရာတွင် အရေးပါသည့် အခန်းကဏ္ဍက ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေရသည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက် အပြည့်အဝထားရှိပြီး မိမိတို့၏ မြင့်မြတ်သော တာဝန်ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ကြပါဟု တိုက်တွန်း မှာကြားလိုကြောင်း၊ နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား အစွန့်ရှည် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မယ့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာရင့်သန်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။

အမျိုးသားပညာရည်မြင့်မားမှုနှင့်အတူ မိမိရပ်ရွာမိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သွားကြပါ။

အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ဆုချီးမြှင့်

ယင်းနောက် သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် (အီး-၅၅) မန္တလေးတိုင်း မိုးကုတ်မြို့နယ် ကျပ်ပြင်မြို့မ အမှတ်(၆၉) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာဦးဇော်နိုင်ဦးအား လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (ဒီ-၃၀)မကွေးတိုင်း သရက်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (စမ်းအိုင်)မှ မူလတန်းပြဆရာမဒေါ်ဥမ္မာမြင့်အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား ဇွဲလုံ့လဆုကို သင်တန်းသားအမှတ် (အီး-၁၈၃) မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကုန်းဇောင်း အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးသံချောင်းအားလည်းကောင်း၊ သင်တန်းသူ ဇွဲလုံ့လဆုများကို သင်တန်းသူအမှတ်(စီ-၅၆) မန္တလေးတိုင်း တံတားဦးမြို့နယ် အခြေခံပညာမူလတန်းကျောင်း(တောင်ပြုံး)မူလတန်းကျောင်းအုပ် ဒေါ်ခင်မာဝင်းနှင့် သင်တန်းသူအမှတ်(အေ-၁၆၆)ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်ခင်ဦးအားလည်းကောင်းပေးအပ်သည်။

စံပြအဆောင်ဆု

ဆက်လက်၍ စံပြအဆောင်ဆုကို အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင်(၅)မှသင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီး အမှတ်(၁) တပ်ခွဲ အဆောင်(၁)မှသင်တန်းသူများအားလည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက်သင်တန်းခေါင်းဆောင်၊ ဒုတိယသင်တန်း ခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများက လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက်လှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုလှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် လှူဒါန်းငွေများကို သင်တန်းခေါင်းဆောင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ကိုယ်စားပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူဆရာဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့သင်တန်းသားသင်တန်းသူ ဆရာဆရာမ ၉၉၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၄ ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲတွင် သင်တန်းသူစံပြဆုရရှိသူ မကွေးတိုင်း သရက်မြို့နယ် အခြေခံပညာမူလတန်းကျောင်း (စမ်းအိုင်)မှ ဒေါ်ဥမ္မာမြင့်အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ကုသိနာသယဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကင်းမြို့နယ် အမှတ် ၅ ရပ်ကွက် ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်းရှိ ဓာတ်တော်ပေါင်းရှစ်သောင်းလေးထောင် ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သော ကုသိနာသယ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ ၁၃၆၆ခုနှစ် တပို့တွဲလဆန်း၁၄ ရက် (ဖေဖော်ဝါရီ ၂၂ရက်) အင်္ဂါနေ့ ညနေ၌ ဆွမ်းတော်ကပ်လှူပြီး လပြည့်နေ့ (ဖေဖော်ဝါရီ ၂၃ရက်) ဗုဒ္ဓဟူးနေ့ နံနက်တွင် အရဏ်ဆွမ်းတော်ကြီးကပ်အနေကဇာတင် ပူဇော်ပြီး ညနေ၄ နာရီ၌ ဘုရားအမှူးရှိသော ပင့်သံဃာတော် ၃၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာမည်သူမဆိုလာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဘောက်ထော်မက်သဒစ်မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဘောက်ထော်မက်သဒစ် (ယခင် အလက-၂၊ သဃ်န်းကျွန်း) ယခု အထက-၂ သဃ်န်းကျွန်းကျောင်းတွင် ၁၉၆၄ခုနှစ်မှ ၁၉၉၅ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ ဆရာမကြီးများကို ကျောင်း၏ သပြေညိုခန်းမတွင် လာမည့် မေ၂၆ရက်၌ ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများပါဝင်ဆင်နွှဲကြရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲသို့လူအားငွေအား၊အကြံဉာဏ်အားဖြင့် ပူဇော်လိုသော ကျောင်းသူကျောင်းသားဟောင်းများသည် ဦးမိုးလွင်(အထက-၂၊ သဃ်န်းကျွန်းကျောင်းအုပ်ကြီး) ဖုန်း-၅၆၅၅၆၈၊ ဒေါ်သိန်းတင် (အငြိမ်းစား ကျောင်းအုပ်ကြီး) ဖုန်း-၅၇၇၉၄၆၊ ဦးမြင့်ဝင်း-ဒေါ်သန်းသန်းမြင့် ဖုန်း-၅၇၈၆၇၂၊ ဆရာမဒေါ်ခင်သန်းဦး (အထက-၂၊ သဃ်န်းကျွန်း) ဖုန်း-၅၇၂၇၈၄၊ ဒေါ်မြင့်မြင့်ထွေး (မဒေါင်း) ဖုန်း-၅၆၅၈၃၇၊ ဦးကျော်ဝင်း(ပြုံးမောင်မောင်) ဖုန်း-၀၉၅-၀၁၆၃ ၁၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၆၀၇၃၆၊ ဦးလှသွင် ဖုန်း-၂၁၃၃၃၀ လိုင်းခွဲ ၁၃၇နှင့် ဦးသိန်းဇော် ဖုန်း-၅၀၄၀၆၀/၀၉၅ ၀၀၄၀၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

● *ကျောဖုံးမှ*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းသည့်ဥပဒေပြုစာရင်းလျာထားချက် ၁၁ခုထဲမှ စက်မှုလက်မှုကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

၂၀၀၄ခုနှစ် မေလ ၁၉ ရက်နေ့မှာကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက “စက်မှုလက်မှုကဏ္ဍကို ဆက်လက်ရှင်းလင်းတင်ပြမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးနှင့် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေးတည်းဟူသော ဦးတည်ချက်နှစ်ရပ်လည်း ပါရှိကြောင်း၊ ထိုဦးတည်ချက်နှစ်ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် စက်မှုလက်မှုကဏ္ဍကလည်း အရေးကြီးသည့်အခန်းမှာ ပါဝင်လျက်ရှိကြောင်း။

ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံကချမှတ်ပြီးဖြစ်သည့် စီးပွားရေးနှင့်စပ်လျဉ်းသည့်အခြေခံမူမှာ ‘နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်’လို့ ချမှတ်ထားကြောင်း၊ စက်မှုလက်မှုနှင့်စပ်လျဉ်းသည့်အခြေခံမူမှာ ‘နိုင်ငံတော်သည် စက်မှုလက်မှုလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းမည်’ဟု ချမှတ်ထားကြောင်း။

စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်သည့် (၁) ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊ (၂) စက်မှုဇုန်များ၊ (၃) သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာသုတေသန၊ (၄)အလေးတင်းတောင်း၊ အတိုင်းအတာ စသည်တို့ကို စံပြုခြင်း၊ (၅)မူပိုင်ခွင့်များ (Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ (Trademarks)၊ စက်မှုဆိုင်ရာဒီဇိုင်းများ(Industrial Designs) စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများ(Intellectual Properties) နှင့် စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း။

မြို(ခေါ်)ခမိအမျိုးသား

အဆိုပါ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က “စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဆွေးနွေးရှင်းလင်းချက် ငါးချက်သည် ဆီလျော်မှုရှိသည့်အတွက် သင့်တော်ပါကြောင်း တင်ပြအပ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်ရှင်းလင်းချက် နှစ်ချက်သည်လည်း ဆီလျော်မှုရှိသည့်အတွက် သင့်တော်ပါကြောင်း တင်ပြအပ်ပါကြောင်း” ဟုဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသား

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “စက်မှုလက်မှုကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်ငါးချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အချက် နှစ်ချက်ချမှတ်ခြင်းသည် သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသား

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က “စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြရလျှင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် ငါးချက်သည် ပြည့်စုံပြီးဖြစ်သည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြသင့်ပါသည်ဟုလည်းကောင်း၊ စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အချက်သည် နှစ်ချက်ဖြစ်ပါသည်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီ

ယင်းကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက “နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟုပါရှိကြောင်း၊ ထိုဦးတည်ချက်နှစ်ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် စက်မှုလက်မှုကဏ္ဍသည် အရေးကြီးသည့် အခန်းမှာပါဝင်နေပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှတစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က “အမျိုးသားညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် စက်မှုလက်မှုကဏ္ဍဆိုင်ရာ အချက်ငါးချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထပ်မံဖြည့်စွက်အကြံပြုရန်မရှိပါသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်ဟု လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းပါ စက်မှုလက်မှုကဏ္ဍနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့်မူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါသည်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေနှင့် “ဤစက်မှုလက်မှုကဏ္ဍဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ရှိသင့်သည့်စက်မှုဇုန်များနှင့် ပတ်သက်ပြီးဖြည့်စွက်အကြံပြုတင်ပြလိုကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှာ စက်မှုဇုန်များကိုထူထောင်ခွင့်ပြုခြင်းအားဖြင့် ဒေသဆိုင်ရာ တီထွင်ကြံဆမှု ဉာဏ်ရည်များတိုးတက်မြင့်မားလာနိုင်ခြင်း၊ ယင်းမှတစ်ဆင့် အချင်းချင်းပြိုင်ဆိုင်မှုများကြောင့် အရည်အသွေးမြင့်မားလာနိုင်ခြင်း၊ စက်မှုပစ္စည်းများအပေါ်ဈေးနှုန်းထိန်းချုပ်နိုင်ခြင်းနှင့် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်ထွန်းနိုင်ဖွယ်ရာ ရှိခြင်းများကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စက်မှုဇုန်အား အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်ချမှတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟုအကြံပြုတင်ပြသွားပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က “စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်

စက်မှုလက်မှုကဏ္ဍတွင် ပါရှိသော အချက်(၅)ချက်နှင့်စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လျှင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အခြေခံမူများချမှတ်သင့်

စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်သည့် (၁) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊ (၂)အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း”ဟု ရှင်းလင်းတင်ပြသွားပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ယင်းရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက “စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အမျှ စက်မှုဇုန်များလည်း ပိုမိုတိုးချဲ့လာဖွယ်ရာ ရှိကြောင်း၊ စက်မှုဇုန်များ ပေါ်ထွက်လာသည့်အခါ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် စနစ်တကျကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးရန် အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် စက်မှုဇုန်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် သင့်လျော်မှုရှိကြောင်း၊ ထို့အပြင် စက်မှုလက်မှုသိပ္ပံနှင့် နည်းပညာတိုးတက်မှုရှိရေးမှာ အမြဲမပြတ် သုတေသနလုပ်ငန်း ဆောင်ရွက်မှုအပေါ်တွင် မူတည်နေသည့်အတွက် သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထားရှိခြင်းသည်လည်း သင့်လျော်ကြောင်း၊ ထို့အပြင် အလေးတင်းတောင်း အတိုင်းအတာစံပြုခြင်း၊ မူပိုင်ခွင့်များ(Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ်တံဆိပ်များ (Trademarks)၊ စက်မှုဆိုင်ရာဒီဇိုင်းများ (Industrial Designs)စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ (Intellectual Properties)စသည် တို့မှာလည်း ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ မလွဲမသွေထားရှိရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ဥပဒေပြုနိုင်ရေးအတွက်လည်း ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန်သတ်မှတ်ထားသည် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာ လုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ပေးထားသည်ကို လေ့လာတွေ့ရှိရသည့်အတွက် မိမိတို့ပါတီအနေနှင့် အထူးတင်ပြရန်မရှိကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုပအိုဝ်းအမျိုးသား

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က “လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စက်မှုလက်မှုကဏ္ဍဆိုင်ရာ ရှင်းလင်းချက်များကို အမျိုးသားညီလာခံက ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

စိုက်ပျိုးရေးကိုအခြေခံထားပြီး စိုက်ပျိုးရေးနှင့်ဆက်နွယ်ပြီး စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်အောင်မြင်လာအောင် စီမံကိန်းများချမှတ်အကောင်အထည်ဖော်ခြင်းအားဖြင့် စက်မှုလက်မှုနိုင်ငံအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း။

စီးပွားရေးအရာတွင် ထိပ်သို့ရောက်ရှိနေသည့်နိုင်ငံအများစုသည် စက်မှုနိုင်ငံများဖြစ်ကြပါကြောင်း၊ ထို့ကြောင့်နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍကို နိုင်ငံတော်အဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ရမည့်စက်မှုလက်မှုလုပ်ငန်းများဟု ခွဲခြားဖော်ပြထားသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်နှင့် ရှင်းလင်းချက်များအပေါ် ဖြည့်စွက်အကြံပြုရန်မရှိကြောင်း” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

‘ဝ’အမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့်‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “အမျိုးသားညီလာခံမှလည်း စက်မှုလက်မှုနှင့် စပ်လျဉ်းသည့်အခြေခံရမည့်မူတစ်ရပ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် စက်မှုလက်မှုကဏ္ဍဆိုင်ရာကိစ္စရပ် ငါးရပ်အား ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စက်မှုလက်မှုလုပ်ငန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့်လုပ်ငန်းများရှိသလို နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်တည်ထောင်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကလည်း မိမိတို့ဒေသအလိုက် ခွဲဝေတာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများလည်း ရှိလာမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် စက်မှုလက်မှုကဏ္ဍဆိုင်ရာကိစ္စရပ် နှစ်ရပ်အား ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်းငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များ အတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရကြောင်း။

ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ၏ ဥပဒေပြုအာဏာခွဲဝေမှုနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းချက်စာတမ်းပါအချက်အလက်များကို လေ့လာကြည့်သည့်အခါတွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသို့ မျှတစွာခွဲဝေပေးထားကြောင်း တွေ့ရှိရသည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါကြောင်း တင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

အမျိုးသားညီလာခံအစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က စက်မှုလက်မှုကဏ္ဍမှာပါရှိသင့်သည့် အချက်ငါးချက်နှင့် စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုဥပဒေအရ သတ်မှတ်သည့် စက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လိုအပ်သည့်ဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသည့်နည်းတူ မိမိတို့တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ကြမည့် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန်သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ ဥပဒေများပြုရန် လိုအပ်လာလျှင် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေနှင့် “အတိုင်းအတာများစံပြုခြင်းနှင့် စပ်လျဉ်းပြီး မက်ထရစ်စနစ်ကိုကျင့်သုံးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က “နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်နှစ်ရပ် ပါရှိပါကြောင်း၊ နိုင်ငံတော်က ပြည်သူများအတွက် လုပ်နိုင်သည့် စက်မှုလုပ်ငန်းများကိုသာလုပ်ကိုင်ပြီး ကျန်စက်မှုလုပ်ငန်းများကို သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တိုးတက်လာအောင် စီစဉ်ပေးနေပါကြောင်း၊ စက်မှုလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံပြီး တဖြည်းဖြည်းချင်း စက်မှုနိုင်ငံအဖြစ် တည်ဆောက်လုပ်ကိုင်သွားနိုင်အောင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အချက်ငါးချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန်အချက်နှစ်ချက်တို့ကို အသေးစိတ်

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စက်မှုလက်မှုကဏ္ဍနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြသင့်သည့် အချက်ငါးချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်နှစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း”ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အသိပညာရှင်၊အတတ်ပညာရှင်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က“စက်မှုလက်မှုကဏ္ဍမှာ ပါရှိ သင့်သည့် အချက်ငါးချက်နှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းမှုများကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟု လည်းကောင်း။ အခြေခံရမည့် မူငါးချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ဥပဒေပြုစာရင်းတွင် နှစ်ချက် တင်ပြထားတာတွေ့ရကြောင်း၊ ထိုအချက်များကို လေ့လာကြည့်သည့်အခါမှာ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသို့ မျှတမှုရှိစွာ ခွဲဝေပေးထားကြောင်း တွေ့ရှိရသည့်အတွက် ထောက်ခံပါကြောင်း တင်ပြအပ်ပါကြောင်း။

သို့သော်လည်း အောက်ပါအချက် နှစ်ချက်ကို ဖြစ်နိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၏ အသေးစိတ် အခြေခံရမည့်မူအဖြစ် ထပ်မံဖြည့်စွက်ပေးရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ ထိုအချက်များမှာ (၁) အလတ်စားနှင့် အသေးစားစက်မှုလုပ်ငန်းများ၊ (၂) စက်မှုဇုန်များဖြစ်ပါကြောင်း။

ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာလည်း အောက်ပါအချက် သုံးချက်ကို ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံတော်မှ ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

(၁)အလတ်စားနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ (၂)အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ၊ (၃)စက်မှုဇုန်များတို့ဖြစ်ပါကြောင်း” ဟု အကြံပြုတင်ပြသွားပါကြောင်း။

မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးတို့ဖြစ်ပါကြောင်း။

ထို့ကြောင့် ဖော်ပြပါ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ ပါရှိသင့်သည့် ကိစ္စရပ်တွေနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုရန် လိုအပ်လာရင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြဖို့ ရှင်းလင်းတင်ပြအပ်ပါကြောင်း”ဟု ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက “လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်တွင် အထက်က တင်ပြထားသည့်အချက်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်ရှင်းလင်းတင်ပြထားတဲ့အတွက် ပြည့်စုံလုံလောက်တယ်လို့ သဘောထားရရှိပါကြောင်း၊ လေကြောင်းခရီးသွားလာရေးနှင့်ပတ်သက်လို့လည်း လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနဲ့ လေယာဉ်ကွင်းတည်ဆောက်ရေးသည်လည်းကောင်း၊ နိုင်ငံတကာနှင့်ဆက်သွယ်လုပ်ဆောင်ရမယ့်လုပ်ငန်းများကို မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ပြီး လေယာဉ်အနုကြမ်းစီးမှု၊ လေယာဉ်ကွင်းအကြမ်းဖက်မှုများကို အကြောင်းပြုပြီး တရားခံများလွှဲပြောင်းပေးမှု (Extradition)တို့နှင့်စပ်လျဉ်းပြီး တည်ဆဲဥပဒေများ ပြင်ဆင်ခြင်း၊ ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ရန် လိုအပ်လာရင် ဆောင်ရွက်နိုင်ရန်အတွက် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် လျော်ကန်သင့်မြတ်ပါကြောင်း၊ ပြည်ထောင်စုက စီမံခန့်ခွဲသည့် မီးရထားလမ်းမကြီးများနှင့် တံတားကြီးများသည် အများပြည်သူများ စဉ်ဆက်မပြတ်အသုံးပြုလျက်ရှိသည့်အတွက် အရေးကြီးသည့်ကဏ္ဍဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုကဏ္ဍများကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းမှာ ဆက်သွယ်ရေးလုပ်ငန်းများ ခေတ်မီတိုးတက်လာသည်နှင့်အမျှ မိမိတို့နိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းကိုလည်း ခေတ်မီတိုးတက်အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေးများ၊ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားခြင်းသည် လျော်ကန်သင့် မြတ်ပါကြောင်း၊ မြန်မာနိုင်ငံတော်အတွင်း ပြည်နယ်များတွင် ပြည်ထောင်စုက စီမံခန့်ခွဲသည့်ဆိပ်ကမ်းများရှိမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသည့်ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းပေးထားသည်ကိုလည်း သင့်လျော်ကြောင်းတွေ့ရပါကြောင်း၊ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲမှုရှိသည့်လမ်းများ၊ တံတားများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့်ပုဂ္ဂလိကယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေးကိစ္စများကိုလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည်လည်း သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာကိစ္စများ ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်

စက်မှုလက်မှုကဏ္ဍမှာပါရှိသင့်သည့် အချက်နှစ်ချက်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းများတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးနိုင်ရန် ထောက်ခံတင်ပြအပ်ပါသည်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က“(၁)ပြည်ထောင်စုအဆင့်ကဆောင်ရွက်မည့်စက်မှုလုပ်ငန်းများ၊ (၂)စက်မှုဇုန်များ၊ (၃)ထုတ်ကုန်ပစ္စည်းများ၏ အခြေခံစံချိန်စံညွှန်းများ၊ (၄) သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာသုတေသန၊ (၅) အလေးတင်းတောင်း၊အတိုင်းအတာ စသည်တို့ကိုစံပြုခြင်း၊ (၆)မူပိုင်ခွင့်များ(Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုဆိုင်ရာဒီဆိုင်းများ(Industrial Designs)စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ(Intellectual Properties)နဲ့စပ်လျဉ်းသည့် ကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဆိုင်ရာကိစ္စများကို ဥပဒေပြဋ္ဌာန်းပေးရန် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့်စက်မှုလက်မှုကဏ္ဍမှာ ပါရှိသင့်သည့် (၁)ပြည်ထောင်စုအဆင့်က ဆောင်ရွက်သတ်မှတ်ထားသည့်စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊(၂)အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ်ပါက ပြဋ္ဌာန်းပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် မူလကအချက်ငါးချက်ကို ဖော်ပြခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့က စုစုပေါင်း အချက်ခြောက်ချက်အဖြစ် အမှတ်စဉ်(၃)တွင် ထုတ်ကုန်ပစ္စည်းများ၏ အခြေခံစံချိန်စံညွှန်းများ ဟူ၍ ဖြည့်စွက်အကြံပြုတင်ပြသွားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယင်းအကြံပြုတင်ပြချက်နှင့်စပ်လျဉ်းပြီး“စက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ထုတ်ကုန်ပစ္စည်းများ၏ အမျိုးအစားအရည်အသွေးမှန်ကန်တိကျရေးသည် အရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် အရယှဉ်ပြိုင်ထုတ်လုပ်မှုများ ပြုလုပ်လာကြသည်နှင့်အမျှ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများသည်လည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားလာနိုင်ကြောင်း။ အထူးသဖြင့် စားသောက်ကုန်ဆိုင်ရာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ ယာဉ်အမျိုးမျိုးနှင့်ပတ်သက်သော ပစ္စည်းများ စသည်တို့နှင့်စပ်လျဉ်း၍ အရည်အသွေးမမီပါက သုံးစွဲသူပြည်သူလူထု အနေဖြင့် အန္တရာယ်အမျိုးမျိုးကြုံတွေ့လာနိုင်သည်ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ၏စံချိန်စံညွှန်းများ၊ထုတ်လုပ်မှုနည်းစဉ်များ သတ်မှတ်ပေးရေးသည် အဓိကအချက်ဖြစ်ပေါ်လာကြောင်း၊ သို့ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ၏ အခြေခံစံချိန်စံညွှန်းများ(Standardization and Specification)ကို တစ်ပြေးညီ သတ်မှတ်ပေးရေးအတွက် ဥပဒေများကိုထုတ်ပြန်ထားရှိရန် လိုအပ်ပါကြောင်း။

ယင်းကဲ့သို့ စံချိန်စံညွှန်းဆိုင်ရာ ဥပဒေများ၊အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ ဥပဒေများသည် နိုင်ငံတော် တစ်ဝန်းလုံး တစ်ပြေးညီဖြစ်ရန် လိုအပ်သည်သာမက နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ရှင်းလင်းတင်ပြပြီး အကြံပြုသွားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်

အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က “အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက် ကဏ္ဍ ၁၁ခုတွင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် အမျိုးသား ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျပါကြောင်း၊ နိုင်ငံတော်အနေနှင့်လည်း စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမည့် လမ်း၊ တံတားများ တည်ဆောက်ပြုပြင်ရေးကို ဂရုပြုဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားများအချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ချစ်ကြည်ရင်းနှီးမှုများလည်း တိုးတက်ခိုင်မာလာမှာ ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးအပိုင်းမှာ နိုင်ငံတော်က ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် အမျိုးအစားများကို ဦးစားပေးပြီး ပြည်ပမှ တင်သွင်းစေခြင်း၊ ပုဂ္ဂလိကများအား ယာဉ်များငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ယာဉ်ထုတ်လုပ်မှုနှင့် ယာဉ်ပြုပြင်မှုများကို ပြင်ပကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ အထူးစီမံကိန်းများဖြင့် မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ ပြည်တွင်းပြည်ပ ပို့ဆောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကများနှင့် ပူးပေါင်းတိုးချဲ့ဆောင်ရွက်ခြင်း၊ လေဆိပ်များ တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်သွယ်ရေးအပိုင်းတွင် ခေတ်မီဆက်သွယ်ရေးနည်းများဖြစ်သည့် တိုက်ရိုက်ဆက်သွယ်ရေး တယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်သော အသံလွှင့်၊အသံဖမ်းစခန်းများနှင့် ဂြိုဟ်တုစခန်းများကို တည်ဆောက်ခြင်း၊ ပင်လယ်ရေကြောင်း သင်္ဘောများနှင့် ဆက်သွယ်သော အသံလွှင့်၊ အသံဖမ်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် စပ်လျဉ်းပြီး ကမ္ဘာ့ကြေးနန်းအဖွဲ့ချုပ်၏ ညွှန်ကြားချက်များကို လေ့လာခြင်း၊ ထိန်းသိမ်းခြင်းနှင့်လိုအပ်သလို ဆောင်ရွက်ခြင်းအစရှိသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါ ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုလျှင် (၁) ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊ (၂) ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ (၃)ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ (၄) ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ (၅)ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊ (၆) မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊ (၇) သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊ (၈) လေကြောင်းသယ်ယူပို့ဆောင်ရေး၊ (၉) လေကြောင်းပျံသန်းရေး၊ထိန်းသိမ်းရေးနှင့် လေယာဉ်ကွင်းတည်ဆောက်ရေး၊ (၁၀) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ (၁၁) မီးရထား၊ (၁၂) ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊ (၁၃)စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက် နှင့် အလားတူ ဆက်သွယ်ရေး၊ (၁၄) ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့်အလားတူ ဆက်သွယ်ရေးများ ဖြစ်ပါကြောင်း။

ဖော်ပြပါကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ကြရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုလျှင် (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊ (၂)တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊ (၃) တိုင်းဒေသကြီးသို့

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က “တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးသည်အဓိကကျပါကြောင်း၊ လမ်း၊တံတားများကောင်းမွန်ခြင်းဖြင့်ဒေသတွင်းစီးပွားရေး တိုးတက်လာသည့်အပြင် တိုင်းရင်းသားအချင်းချင်းဆက်ဆံမှုများပြားပြီး ချစ်ကြည်ရင်းနှီးမှုလည်း တိုးတက်လာမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်က ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးယာဉ်အမျိုးအစားများကိုဦးစားပေးပြီး ပြည်ပမှတင်သွင်းစေခြင်း၊ ပုဂ္ဂလိကများအား ယာဉ်များငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ယာဉ်ထုတ်လုပ်မှု၊ ပြုပြင်မှုများကို ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ကိုင်စေခြင်း၊ ရထားလမ်းများဖောက်လုပ်ခြင်း၊ လေဆိပ်များတိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဆက်သွယ်ရေးအပိုင်းမှာလည်း တိုက်ရိုက်ဆက်သွယ်ရေးတယ်လီဖုန်းစနစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ ပြည်ပနိုင်ငံများနှင့်ဆက်သွယ်သောအသံလွှင့်၊ အသံဖမ်းစခန်းများနှင့်ဂြိုဟ်တုစခန်းများကို တည်ဆောက်ခြင်း၊ ပင်လယ်ရေကြောင်းသင်္ဘောများနှင့်ဆက်သွယ်သော အသံလွှင့်၊ အသံဖမ်းစခန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကြေးနန်းအဖွဲ့ချုပ်၏ ညွှန်ကြားချက်များကိုလေ့လာခြင်း၊ ထိန်းသိမ်းခြင်းနှင့် လိုအပ်သလိုဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ခြုံငုံတင်ပြ

ပြည်တွင်းပြည်ပရေကြောင်းပို့ဆောင်ရေးအနေဖြင့် နိုင်ငံပိုင်၊ သမဝါယမပိုင် စက်တပ်ရေယာဉ်များ၊ စက်မဲ့ရေယာဉ်များဖြင့် ပြည်တွင်းပြည်ပ ခရီးသည်များနှင့်ကုန်စည်များပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းပြည်ပရေယာဉ်များတိုးတက်များပြားစွာ ပြေးဆွဲသည်နှင့်အမျှ ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ တိုးတက်ခေတ်မီနေစေရေး၊ မီးပြတိုက်များ၊ မီးပြသင်္ဘောများ၊ မီးပြအစီအမံများဆောင်ရွက်ထားရှိရေး၊ သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး

စာမျက်နှာ ၁၂ ကော်လံ ၁

တိုင်းရင်းသားလူမျိုးများ၏ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားညီလာခံကြီးကအခြေခံမှုများအဖြစ်ချမှတ်ထား

■ ကျော်ဖုံးမှ

၂၀၀၄ခုနှစ် မေလ၂၀ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ဆက်လက်ရှင်းလင်းတင်ပြမည်မှာ ပြည်ထောင်စုဥပဒေပြုအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေပြုအာဏာခွဲဝေကျင့်သုံးကြရာတွင် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများအနက် ဘယ်အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကို ပြည်ထောင်စုဥပဒေပြု အဖွဲ့အစည်းများအား ခွဲဝေပေးပြီး ဘယ်အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ဥပဒေပြုခွင့်အာဏာများကိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုအဖွဲ့အစည်းများအား ခွဲဝေပေးရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ပါကြောင်း။

လူမှုရေးကဏ္ဍတွင် အကျုံးဝင်သည့် အကြောင်းအရာများမှာ အဓိကအားဖြင့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများနှင့် အလုပ်သမားရေးဆိုင်ရာလုပ်ငန်းများစသည်တို့ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အခြေခံမူများမှာ နိုင်ငံတော်သည် ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်။နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်။ နိုင်ငံတော်သည် အခမဲ့ မသင်မနေရမူလတန်းပညာရေးစနစ် ဖော်ဆောင်မည်။

နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်မည်တို့ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများတွင်လည်း မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည်မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့များ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား စောင့်ရှောက်ရမည်ဟု အခြေခံမူချမှတ်ထားရှိပြီး လူငယ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည်ဟု အခြေခံမူများချမှတ်ထားပါကြောင်း။

အခြေခံမူချမှတ်ထား

အမျိုးသားညီလာခံက အလုပ်သမားများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်က အလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်ဟု အခြေခံမူချမှတ်ထားပါကြောင်း။

အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ‘နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်’ဟု အခြေခံမူချမှတ်ထားရှိပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍမှာ ပါရှိမည့်ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုလျှင် (၁)ပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်းစီမံချက်နှင့် စံများ၊(၂)တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့် သင်တန်းများနှင့် အဆင့်မြင့်ပညာအခြားအဖွဲ့အစည်းများ၊ (၃)ပြည်ထောင်စုက သတ်မှတ်သည့် စာမေးပွဲများ၊ (၄)ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းများ၊ (၅)အမျိုးသားအားကစား၊ (၆)အမျိုးသားကျန်းမာရေး၊ (၇)တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး၊ (၈)ကုသိုလ်ဖြစ်ဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့်ဆေးခန်းများ၊ (၉)မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ (၁၀)ကြက်ခြေနီအသင်း၊ (၁၁)အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်စသည်တို့ တုပရောနှောထုတ်လုပ်ရောင်းချခြင်းမှကာကွယ်ရေး၊ (၁၂)ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များအား စောင့်ရှောက်ရေး၊ (၁၃)ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ (၁၄)မီးသတ်တပ်ဖွဲ့၊ (၁၅)အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ၊ (၁၆)ဝါဏိဇ္ဇပဋိပက္ခ၊ (၁၇)လူမှုဖူလုံရေး၊ (၁၈)အလုပ်သမားအဖွဲ့အစည်းများ၊ (၁၉)ပြည်ထောင်စုက စီမံခန့်ခွဲသည့် (က)ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်း သုတေသနလုပ်ငန်းများ၊ (ခ)ပြတိုက်များ၊ စာကြည့်တိုက်များ၊ (၂၀)စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုတို့ဖြစ်ပါကြောင်း။

အခု မိမိဆက်လက်ရှင်းလင်းတင်ပြမည်မှာ လူမှုရေးကဏ္ဍမှာပါရှိမည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရန်သင့်သည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ ထိုကိစ္စရပ်များကို စုစည်းတင်ပြရမယ်ဆိုလျှင် (၁)ပြည်ထောင်စုက ချမှတ်ထားသည့် တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆိုင်ရာကိစ္စများ၊ (၂)မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး၊ (၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ၊ (၄) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ (၅) ကုန်တင်ကုန်ချလုပ်ငန်း၊ (၆)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် (က)ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ (ခ)ပြတိုက်နှင့် စာကြည့်တိုက်များ၊ (၇) ဇာတ်ရုံ၊ ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ (၈) ဇာတ်ပုံ၊ ပန်းချီ၊ ပန်းပု စသည့်ပြပွဲများ ဖြစ်ပါသည်”ဟု ရှင်းလင်းပြောကြားသွားပါကြောင်း။

ယင်းရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီ ခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက “လူမှုရေးကဏ္ဍမှာ အကျုံးဝင်သည့် အကြောင်းအရာများထဲတွင် အဓိကအားဖြင့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ၊ အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းများဖြစ်ပါကြောင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းများမှာ ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ၊ သင်ပြနည်းစနစ်၊ သုတေသန၊ စီမံကိန်း၊ စီမံချက်နဲ့ စံများသတ်မှတ်ရေးကိစ္စရပ်များ၊ ပြည်ထောင်စုက သတ်မှတ်သည့် စာမေးပွဲများနှင့်ဆိုင်သည့်ကိစ္စရပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံစသည့် သင်တန်းများနှင့် အဆင့်မြင့်ပညာ၊ အခြားအဖွဲ့အစည်းများဆိုင်ရာကိစ္စရပ်များ၊ အခြေခံပညာ အစိုးရကျောင်းများဆိုင်ရာ ကိစ္စရပ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များ၊ ကိုယ်ပိုင်ကျောင်းများနှင့်သင်တန်းဆိုင်ရာ ကိစ္စရပ်များဟူ၍ ပညာရေးပိုင်းကို အကျယ်တဝင့်ရှင်းပြထားသည်ကို လေ့လာရသည့်အတွက် ထိုကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် ပြည့်စုံမှုရှိသည်ဟု သဘောထားရရှိပါကြောင်း။

မြန်မာ့အားကစား

မိမိတို့နိုင်ငံတွင် အမျိုးသားအားကစားကို နိုင်ငံတကာအဆင့်ရောက်အောင် တိုးတက်မြင့်မားအောင် လုပ်ဆောင်လျက်ရှိပြီး ‘မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမယ်’ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်က အထူးအားပေးပြီး အားကစားသမားများကို ပြုစုပျိုးထောင်လေ့ကျင့်ပံ့ပိုးမှုများပြုလုပ်ပေးလျက်ရှိရာ အမျိုးသားအားကစားကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် ဆီလျော်သင့်မြတ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးနှင့် ပတ်သက်၍လည်း တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးဖွံ့ဖြိုးတိုးတက်ရေး ကုသိုလ်ပြုဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကြက်ခြေနီအသင်းစသည်တို့ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် သင့်လျော်ကြောင်းတွေ့ရှိရပါကြောင်း။

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များကို အတုအပပြုလုပ်ခြင်းသည် လူသားတို့အတွက် အန္တရာယ်ဖြစ်စေနိုင်ပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် သင့်လျော်သည်ဟု သဘောထားရရှိပါကြောင်း၊ အခြားလူမှုရေးလုပ်ငန်းများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အခြေအနေမဲ့များကို စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ၊ မီးသတ်တပ်ဖွဲ့နှင့်ပတ်သက်သည်များကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြပါစာတမ်းတွင် အသေးစိတ်ရှင်းလင်းတင်ပြထားသည့်အတွက် မိမိတို့အနေဖြင့် လေ့လာသုံးသပ်ရာတွင် ထိုကဏ္ဍများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် လျော်ကန်သင့်မြတ်မှုရှိသည်ကို တွေ့ရပါကြောင်း၊ အလုပ်သမားရေးရာဆိုင်ရာလုပ်ငန်းများမှာ အလုပ်သမားများ၏အလုပ်လုပ်ချိန်၊ အလုပ်နားချိန်၊ အလုပ်ပိတ်ရက်ဆိုင်ရာကိစ္စရပ်များ၊ ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များ၊ ဝါဏိဇ္ဇပဋိပက္ခဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းဖော်ပြပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းသည် သင့်လျော်ကြောင်း တွေ့ရပါကြောင်း။

အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းပြီး မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးသည် ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးတမ်းများရှိနေကြသည့်အတွက် ယဉ်ကျေးမှုကဏ္ဍနှင့် ပတ်သက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပြည်ထောင်စုက စီမံခန့်ခွဲသည့် ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းပြတိုက်များ၊ စာကြည့်တိုက်များစသည့် ကဏ္ဍများထားရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အောက်ပါအတိုင်း ခွဲဝေပေးထားတာ တွေ့ရပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်ကစီမံခန့်ခွဲသော (က)ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ (ခ)ပြတိုက်နှင့်စာကြည့်တိုက်လုပ်ငန်းများစသည်တို့ဖြစ်သဖြင့် မျှတမှုရှိကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း၊ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုများနှင့်ပတ်သက်၍လည်း ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံများနှင့် ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုစသည့်ပြပွဲများနှင့် ပတ်သက်၍ ဥပဒေပြုမှုအာဏာခွဲဝေပေးထားခြင်းသည်လည်း သင့်လျော်ကြောင်း တွေ့ရှိရပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က “အမျိုးသားညီလာခံတွင် ပညာရေး၊ ကျန်းမာရေးနှင့် စပ်လျဉ်းသည့် အခြေခံမူများချမှတ်ပြီး ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ထိုနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် နိုင်ငံသားအားလုံး ပညာတတ်ထူးချွန်ပြီး အသိအမြင် ပွင့်လင်းဖို့လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအနှံ့ သိပ္ပံများ၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များဖွင့်ထားပြီး သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများ၊ နည်းစနစ်များ ကွဲပြားမှုမရှိဘဲ တစ်ပြေးညီဆောင်ရွက်မှသာ ဘက်စုံအဆင့်မြင့်ပညာရေးပေါ်ထွန်းလာနိုင်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများတွင် မလိုလားအပ်သည့်ပြဿနာများ မပေါ်ပေါက်စေရန် တစ်နိုင်ငံလုံးပုဂ္ဂလိကကျောင်းများ၊ သင်တန်းများအားလုံး တစ်ပြေးညီ စည်းကမ်းများထားရှိဆောင်ရွက်ရန် လိုပါကြောင်း၊ အားကစားဘက်စုံတိုးတက်အောင်မြင်စေရန် နည်းစနစ်နှင့် လေ့ကျင့်မှုမှန်ကန်ရန်အထူးလိုအပ်ပါကြောင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများကျင်းပပြီး မြန်မာ့အားကစားအဆင့်အတန်းကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ရောဂါများကြိုတင်ကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးနှင့် သုတေသနပြုရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအရ စီမံချက်၊ စီမံကိန်းနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ ပြည်သူအကျိုး ရှေးရှုဆောင်ရွက်ရန် တစ်နိုင်ငံလုံးနည်းစနစ်နှင့်စည်းကမ်းများ သတ်မှတ်ပေးရပါကြောင်း။

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ အတုအပကင်းပြီး စံချိန်စံညွှန်းပြည့်မပြည့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိခင်နှင့်ကလေး၊ အိုမင်းမစွမ်းရှိသူများအတွက် အမျိုးသားညီလာခံက အခြေခံမူများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများကို ဗဟို၊ တိုင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ခိုင်ခိုင်မာမာဖွဲ့စည်းထားရှိပြီး ကျန်းမာရေးပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြပါကြောင်း၊ အလားတူ ကြက်ခြေနီလုပ်ငန်းသည်လည်း မီးဘေး၊ ရေဘေး၊ လေဘေးစသည့် သဘာဝဘေးအန္တရာယ်များကြုံတွေ့လျှင် အကူအညီပေးနေသည့် အသင်းဖြစ်နေသည့်အတွက် စနစ်တကျဖွဲ့စည်းလေ့ကျင့်ပေးရန် လိုပါကြောင်း၊ မီးသတ်တပ်ဖွဲ့အမျိုးမျိုးကို မီးသတ်ဦးစီးဌာနမှဦးဆောင်၍ အန္တရာယ်ကျရောက်ပါက ပြည်သူနှင့်လက်တွဲပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် စည်းကမ်းတကျဖွဲ့စည်းလေ့ကျင့်သွားရပါမည်၊ သဘာဝဘေးအန္တရာယ်ဆိုး ဒုက္ခသည်များ၏ ကျန်းမာရေး၊ စားဝတ်နေရေးဖြည့်ဆည်းရန်နှင့် ပြန်လည်ထူထောင်ရန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကာယ၊ ဉာဏလုပ်သားများ၏ လုပ်အားသည် အဓိကကျသည့်အတွက် လူမှုဖူလုံရေးကိစ္စ မဖြစ်မနေတာဝန်ခံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှု သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာပစ္စည်းများကို စနစ်တကျဖော်ထုတ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ဗီဒီယိုနှင့် ရုပ်ရှင်လုပ်ငန်းများသည် ပြည်သူကို အသိပညာပေးရာတွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်းရာတွင်လည်းကောင်း များစွာထိရောက်မှုရှိလှပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏လူမှုရေးဆိုင်ရာ စုစည်းရှင်းလင်းချက်၂၀သည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့် မူများအဖြစ်ချမှတ်သင့်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က“လူမှုရေးကဏ္ဍနှင့်ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍမှာပါရှိမယ့်ကိစ္စရပ်များကို စုစည်းလျက်တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ဆွေးနွေးရှင်းလင်းချက်များသည် ပြည့်ပြည့်စုံစုံရှိကြောင်း တွေ့ရှိရသည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့် မူများအဖြစ်ချမှတ်ရန် သင့်တော်ပါကြောင်း တင်ပြအပ်ပါသည်ဟုလည်းကောင်း။

အလားတူ လူမှုရေးကဏ္ဍမှာပါရှိမည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်ကိစ္စရပ်များကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်”ဟု လည်းကောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် “လူမှုရေးကဏ္ဍမှာပါရှိသည့် ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး ဖြည့်စွက်တင်ပြလိုပါကြောင်း၊ ပညာရေးသည်လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို တစ်စိတ်တစ်ဒေသအနေဖြင့်မြှင့်တင်ခြင်းဖြစ်သည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှအတူတကွ အခြေစိုက်နေထိုင်လာခဲ့ကြသည့် နိုင်ငံဖြစ်ပါကြောင်း၊ လူမျိုးတိုင်းတွင် မိမိတို့မြတ်နိုးသည့် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ရိုးရာအစဉ်အလာများ ရှိကြပါကြောင်း၊တိုင်းရင်းသားများ၏ ယဉ်ကျေးမှုများကို နိုင်ငံတော်အနေဖြင့် အားပေးဖော်ထုတ် ထိန်းသိမ်းမှုများ ပြုလုပ်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကြီးမှလည်း အခြေခံမူများအဖြစ်ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ မျိုးနွယ်စုများ၏ယဉ်ကျေးမှုများအပြင် တိုင်းရင်းသားလူမျိုးများ၏ စာပေများကို အားပေးဖော်ထုတ်ခွင့်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါသည်”ဟုအကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

လားဟူအမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “လူမှုရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်၂၀နှင့် တိုင်းဒေသကြီး

မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကိစ္စရပ်များ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်မှသာ စာရင်းများပေးခြင်း၊ ဆက်ဆံခြင်းများပြုလုပ်ရသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်

သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြသင့်သည့် အချက်ရှစ်ချက် အသီးသီးကဏ္ဍအလိုက် အဆင့်အလိုက် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ခြင်းသည်ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က “လူမှုရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်ကထားရှိသည့် ဦးတည်ချက်များနှင့်အညီ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည်လည်း ပြည့်ပြည့်စုံစုံရှိနေပြီဖြစ်သည့်အတွက် ထပ်မံဆွေးနွေးတင်ပြရန်မရှိတော့ပါ”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ကိုးကန့်ဒီမိုကရေစီ

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက “လူမှုရေးကဏ္ဍတွင် အဓိကအားဖြင့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုရေးဆိုင်ရာလုပ်ငန်းများ အလုပ်သမားရေးရာလုပ်ငန်းများ ဖြစ်ကြပါကြောင်း။

လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းသည့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းချက်တွင် ပါရှိဖော်ပြထားချက်များသည် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့်အလုပ်သမားရေးဆိုင်ရာကိစ္စရပ်များကို ခြုံငုံပြီးပြည့်စုံစွာဖော်ပြ ပါရှိပြီးဖြစ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားဖြည့်စွက်အကြံပြုချက်အနေဖြင့် “ပညာရေးအဆင့်အတန်းသည် လူမျိုးစုတစ်စု၏ အဆင့်အတန်းကို တစ်စိတ်တစ်ပိုင်းဖော်ပြနေသည်ဟုယူဆမိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက အတူတကွ အခြေစိုက်နေထိုင်လာကြသည့် တိုင်းရင်းသားလူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာများ ရှိကြပါကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများနှင့် ပတ်သက်ပြီး နိုင်ငံတော်မှလည်း ဖော်ထုတ်အားပေးထိန်းသိမ်းမှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကြီးမှ အခြေခံမူများချမှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့အပြင် ဘာသာစာပေကိုပါ အားပေးဖော်ထုတ်ပေးခြင်းသည် ပြည်ထောင်စုကြီး၏ အနှစ်သာရကို ပိုမိုပီပြင်စေမည်ဟုယူဆမိပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်း၌ လူမှုရေးကဏ္ဍတွင်ပါဝင်သည့် ပညာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်းရင်းသားဘာသာစာပေကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြ၍ အခြေခံမူများချမှတ်ရန် သင့်မသင့် အမျိုးသားညီလာခံကြီးသို့တင်ပြအပ်ပါသည်”ဟု အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

‘ဝ’အမျိုးသား

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “လူမှုရေးကဏ္ဍသည် ကျယ်ဝန်းပြီး၊လူမှုရေးလုပ်ငန်းများသည် အလွန်တစ်ရာများပြားမြောင်ကျယ်ပြန့်သည့် လုပ်ငန်းရပ်များဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်ကသာမက ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွင်းဆောင်ရွက်ရမည့်ကိစ္စများလည်း ရှိမည်ဖြစ်ပါကြောင်း။

လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် ကိစ္စရပ် ၂၀အား ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့်ကိစ္စရပ် ရှစ်ရပ်အား ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများ အဖြစ်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ရွေးချယ်ခံကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်းငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က“ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ပါရှိမည့် လူမှုရေးဆိုင်ရာအကြောင်းကိစ္စများနှင့်ပတ်သက်၍တင်ပြဆွေးနွေးလိုပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ပြည့်စုံမှုရှိသည့်အပြင် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်အခြေခံမူများနှင့်လည်း ကြောင်းကျိုးဆီလျော်မှုရှိပါသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းနှင့်ပတ်သက်လို့ ဆက်လက်တင်ပြဆွေးနွေးလိုပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ကြောင်းကျိုး ဆီလျော်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေဖြင့် “ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်သင့်သည့်အခြားကိစ္စများကို တင်ပြဆွေးနွေးလိုပါကြောင်း၊ အမျိုးသားညီလာခံက အလုပ်အကိုင်နှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့် အခြေခံရမည့်မူသည် နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်ဟု ပါရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ ကုန်ထုတ်စွမ်းအားစုများ ပိုမိုပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းအပိုင်းတွင် ပို၍တိုးမြှင့်ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းပိုင်းဆိုင်ရာတွင် လျင်မြန်ချောမွေ့တိုးတက်နိုင်စေရန်အတွက်လည်းကောင်း၊ ပြည်ပသို့သွားရောက်ပြီး အောက်ကျနောက်ကျ အလုပ်လုပ်ကိုင်နေကြရသူများအနေဖြင့် မိမိနိုင်ငံသို့ ပြန်လာနိုင်ကြစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ(Job Opportunities)ဘက်စုံပေါ်ပေါက်ပွင့်လန်းလာစေရန်လည်းကောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတော်ကစီမံဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်များကို ဖန်တီးပေးနိုင်သည်နှင့်အမျှ အလုပ်လက်မဲ့များ အနေဖြင့်လည်း လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၇၅ ရာခိုင်နှုန်းခန့်သော လူဦးရေမှာ တောင်သူလယ်သမားများဖြစ်ကြကြောင်း၊ အမျိုးသားညီလာခံက တောင်သူလယ်သမားများနှင့်စပ်လျဉ်းပြီးချမှတ်ထားသည့် အခြေခံရမည့်မူများဟာဆိုလျှင် (၁)နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်၊ (၂)တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်တို့ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည်လည်း စိုက်ပျိုးရေးပဲဖြစ်ပါကြောင်း၊ တောင်သူလယ်သမားဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သည့်နေရာတွင် လွယ်ကူချောမွေ့စေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားဘဝ တိုးတက်မြင့်မားလာစေရန်အတွက်လည်းကောင်း၊ လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်အတွက်လည်းကောင်း၊ တောင်သူလယ်သမားအဖွဲ့အစည်းများကိုလည်း အလုပ်သမား အဖွဲ့အစည်းများနည်းတူ ဖွဲ့စည်းထားရှိပေးရန်လိုအပ်မည် ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

တစ်သီးပုဂ္ဂလကိုယ်စားလှယ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က “စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ၏ ဥပဒေပြုအာဏာခွဲဝေမှုနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်စာတမ်းပါ အချက်အလက်များကို လေ့လာကြည့်သည့်အခါတွင် ပြည်ထောင်စုလွှတ်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသို့ မျှတမှုရှိစွာ ခွဲဝေပေးထားကြောင်း တွေ့ရှိရသည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန် မရှိပါကြောင်း တင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က “အထူးသဖြင့် တိုင်းရင်းသားတို့၏ ဓလေ့နှင့်ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး ကဏ္ဍကို ဆွေးနွေးတင်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံ မိမိတို့၏ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ အတူယှဉ်တွဲနေထိုင်ကြသည့်နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့လူမျိုးအလိုက် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းများရှိကြပါကြောင်း၊ ယင်းယဉ်ကျေးမှုအမွေအနှစ်များသည် မိမိတို့နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အသီးသီးတွင် တွေ့ရှိနိုင်ပါကြောင်း၊ ‘တိုင်းရင်းသားယဉ်ကျေးမှုအမွေ အနှစ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်မည်’ဟု အမျိုးသားညီလာခံက အခြေခံမူတစ်ရပ်အဖြစ် ချမှတ်ထားပြီးဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်မှာသော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာသော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းရင်းသားတို့၏စာပေကို သင့်လျော်သလို လေ့လာသင်ယူခွင့်ပြုရန် ဆွေးနွေးတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြသော လူမှုရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရမည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းရမည့် ကိစ္စရပ်များသည် ဆီလျော်သင့်မြတ်ပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုထောက်ခံတင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြသင့်သည့် အချက်၂၀နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်ရှစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေဖြင့် “အထူးဖော်ပြလိုသည့်ကိစ္စရပ်မှာ တိုင်းရင်းဆေးဝါးများကို ဖော်စပ်ရာတွင် အသုံးပြုသည့် ဆေးဖက်ဝင်အပင်များသည် ပေါက်ရောက်သောနေရာ၊ မြေအမျိုးအစား၊ အပင်အမျိုးအစား၊ စိုက်ပျိုးနည်းစနစ်၊ ပေါက်ရောက်ပုံအခြေအနေ၊ ထုတ်လုပ်သုံးစွဲနိုင်သည့်အခြေအနေ အရပ်ရပ်သည် များစွာကွဲပြားမှု၊ မတူညီမှုတို့ကို လေ့လာတွေ့ရှိရပါကြောင်း၊ အချို့နှစ်ရှည် ဆေးဖက်ဝင်အပင်များကို ဆေးဝါးဖော်စပ်ရာ၌ အသုံးပြုသည့်အခါ သစ်တောဥပဒေအရ ထိန်းသိမ်း ကန့်သတ်ထားသည့်အတွက် အခက်အခဲများ တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် သစ်တောဥပဒေပြဋ္ဌာန်းသည့်အခါ အထက်ပါအခက်အခဲများကို ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်တွင် မီးဘေးအန္တရာယ်သာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေးအစရှိသော သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါ ဘေးအန္တရာယ်၊ သို့မဟုတ်အခြား ရုတ်တရက်ဖြစ်ပွားသည့် ဘေးအန္တရာယ် အမျိုးမျိုးကြုံတွေ့နိုင်ပါကြောင်း၊ ဤအခါမျိုးတွင် လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် အစီအမံများကို ဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြပါ အပိုဒ်(၄) ‘မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး’စကားရပ်အစား **မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေး**ဟု ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

မြန်မာတိုင်းရင်းသား လူမျိုးများသည် မိမိတို့စကား၊ စာပေ၊ အနုပညာ၊ယဉ်ကျေးမှုတို့ကို ချစ်မြတ်နိုးသူများ ဖြစ်ကြပါကြောင်း၊ အမျိုးသားညီလာခံကချမှတ်ပြီးသည့် အခြေခံမူ(၁၀၄)ချက်ကို လေ့လာသည့်အခါတွင် ဤအချက်နှင့် တိုက်ရိုက်ပတ်သက်ပြီး အခြေခံမူတစ်ရပ်အဖြစ် ထင်ထင်ရှားရှား ဖော်ပြထားသည်ကိုတွေ့ရပါကြောင်း၊ မည်သို့ဖော်ပြထားသည်ဆိုလျှင် ‘နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်’ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် နောင်ဖြစ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဖွဲ့စည်းမည့် အစိုးရအဖွဲ့အနေဖြင့်လည်း ယင်းကိစ္စများကို ဆက်လက်အားပေးကူညီသင့်ကြောင်း အကြံပြုအပ်ပါသည်”ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသား ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က “ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍမှပါရှိမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါသည်ဟု လည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် လူမှုရေး ကဏ္ဍနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်”ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေဖြင့် “အမျိုးသားညီလာခံက တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပေးရေးအတွက် နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးမည်ဟု အခြေခံမူတစ်ရပ်ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်ဟူသော စကားရပ်တွင် တိုင်းရင်းသားများ၏ စာပေပါသင့်သည်ဟု ခံယူထားပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စာပေဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်မှ ပံ့ပိုးကူညီ မှုကို ထောက်ခံအပ်ပါကြောင်း၊ ထို့အတူ ရှေးဟောင်း ယဉ်ကျေးမှုသမိုင်းဝင် အဆောက်အအုံမှတ်တမ်းများသာမက တိုင်းရင်းသား လူမျိုးများ၏ ဓလေ့ထုံးတမ်းများကိုပါဖော်ထုတ်ပြီး ထိန်းသိမ်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း ဖြည့်စွက်အကြံပြု တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့များ၊ ကျဆုံးသွားသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအားစောင့်ရှောက်ရမည်ဟုအခြေခံရမည့်မူရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးသောကလေးများကိုလည်း စောင့်ရှောက်သင့်ပါကြောင်း၊ သို့မဟုတ်ပါက ဆင်းရဲနွမ်းပါးသော ကလေးများသည် လမ်းလွဲရောက်ပြီး ပညာမတတ် အလုပ်လက်မဲ့ဘဝဖြင့် ဆိုးသွမ်းလူငယ်ဖြစ်ကာ တိုင်းပြည်အတွက် ဆူးငြောင့်ခလုတ်သဖွယ် ဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ဆင်းရဲနွမ်းပါးသောကလေးများကို မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာများ သင်ပေးခြင်းအားဖြင့် ကလေးများ၏ဘဝသာယာလှပတိုးတက်ပြီး နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ထို့အတူ လူငယ်များ၏ ဘဝပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံပညာရေးကိုပိုမို၍ အားပေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

လူမှုရေးကဏ္ဍမှာ ထပ်မံအကြံပြုဆွေးနွေးရမည်ဆိုလျှင် အမျိုးသမီးရေးရာကိစ္စပင် ဖြစ်ပါကြောင်း၊ ယနေ့နိုင်ငံတော်တွင် အမျိုးသမီးရေးရာကိစ္စနှင့် ပတ်သက်ပြီး စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ ဘဝအာမခံချက်ရရှိရေးအတွက် ဗဟိုအဆင့်မှသည် အောက်ခြေအဆင့်အထိ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ကမ္ဘာသိအောင် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သဖြင့် ထောက်ခံတင်ပြအပ်ပါကြောင်း။

တောင်သူလယ်သမားလူတန်းစားကို ကိုယ်စားပြုသည့် တောင်သူလယ်သမားအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ဖြည့်စွက်အကြံပြုတင်ပြအပ်ပါသည်”ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်၂၀နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အချက်ရှစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် လူမှုရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြထားသည့် **စာမျက်နှာ ၁၂ ကော်လံ ၃**

ဝိသေသလက္ခဏာ(၅)ရပ်နဲ့ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီး

အောင်မိုးခံ

ဒီကနေ့ မြန်မာလူ့အဖွဲ့အစည်းကို အကျပ်အတည်းအပေါင်းမှ ကင်းဝေးစေပြီး ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်သွားနိုင်ဖို့ဆိုရင် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှု၊ ပြည်ပဝင်ရောက်စွက်ဖက်မှု ပယောဂတွေကို ရှောင်ရှားပြီး တစ်မျိုးသားလုံးသင့်မြတ်စည်းလုံးစွာ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားဖို့ ဖြစ်ပါတယ်။

ဒါကြောင့် သဘောတရားအရ သိနားလည်ရာသို့သွားရာ အကောင်းဆုံးသောလမ်းဟာ မိမိကိုယ်ပိုင်အမှားကတစ်ဆင့် သင်အံ့ယူသောလမ်း၊ ခါးသီးသောအတွေ့အကြုံကို ဖြတ်သန်းရသောလမ်းသာ ဖြစ်တယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ ခါးသီးနာကြည်းနောင်ကြဉ်စရာကောင်းသော သမိုင်းသင်ခန်းစာကိုယူပြီး ဖြစ်ရပ်ဆိုးတွေထပ်မံမဖြစ်ပွားအောင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ဒါမှသာ အမျိုးသားသင့်မြတ်စည်းလုံးရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

လွတ်လပ်ရေးခေတ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ အမျိုးသားသင့်မြတ်စည်းလုံးရေးကို ရှေးရှုပြီး အမျိုးသားညီလာခံတစ်ရပ် ကျင်းပနိုင်ဖို့ အားထုတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ပါ။ ၁၉၆၀ပြည့်နှစ်မှာ ပထစအစိုးရခေါင်းဆောင် ဦးနုက အမျိုးသားညီလာခံကျင်းပနိုင်ရေးအတွက် လှုံ့ဆော်ကြိုးပမ်းခဲ့သလို ၁၉၆၃ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲမှာ တော်လှန်ရေးကောင်စီအစိုးရနဲ့ လာရောက်ဆွေးနွေးတဲ့ အလံနီပါတီခေါင်းဆောင် သခင်စိုးကလဲ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ အမျိုးသားညီလာခံ ကျင်းပရေးကို တင်ပြခဲ့ဖူးပါတယ်။

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရခေတ်မှာတော့ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များနဲ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးဆိုင်ရာ အတွေ့အကြုံရင့်ကျက်သူပုဂ္ဂိုလ်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံပုဂ္ဂိုလ်များရဲ့ ကိုယ်စားလှယ်များအပါအဝင် လူတန်းစားအလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦးတို့ ပါဝင်တက်ရောက်တဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခုလဲ ကိုယ်စားလှယ်ပေါင်း ၁၀၈၁ဦးတို့ ပါဝင်တဲ့ အမျိုးသားညီလာခံအပိုင်းတစ်ပိုင်းကို စတင်ကျင်းပနေပြီ ဖြစ်ပါတယ်။ ဒီအမျိုးသားညီလာခံကြီးများဟာ မြန်မာနိုင်ငံသမိုင်းမှာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အစုံအလင်ဆုံး ညီလာခံကြီးများ ဖြစ်ပါတယ်။ ဒီအမျိုးသားညီလာခံကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အကျိုးစီးပွားကို ဦးထိပ်ထားပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အသေးစိတ်အခြေခံမူများ ချမှတ်သွားမှာဖြစ်ပါတယ်။ တက်ရောက်လာကြတဲ့ ညီနောင်သားချင်း တိုင်းရင်းသား ကိုယ်စားလှယ်များအပါအဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များဟာ ဒီမိုကရေစီထက် အဆင့်မြင့်တဲ့ အပြန်အလှန် ယုံကြည်ကိုးစားမှုနဲ့ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်သွားကြမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြန်အလှန် ယုံကြည်ကိုးစားမှုဟာ ဒီမိုကရေစီထက် အဆင့်မြင့်ပြီး အပြန်အလှန် ယုံကြည်ကိုးစားမှု မရှိရင် ဒီမိုကရေစီ မရှိနိုင်ဆိုတဲ့ လူမှုသိပ္ပံတရားကြောင့် ဖြစ်ပါတယ်။

ဥပမာအားဖြင့် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် ယုံကြည်ကိုးစားမှု ပြည့်ဝနေတဲ့ မိသားစုတစ်စုအတွင်းမှာ ဘယ်လိုမှ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုမျိုး ဖြစ်မလာနိုင်ဘဲ အပြုသဘော ဆက်ဆံရေးမျိုး ထာဝရရှင်သန် ထွန်းကားနေမှာပဲ ဖြစ်ပါတယ်။

ကမ္ဘာမှာ ဒီမိုကရေစီနိုင်ငံကို အလောတကြီး ထူထောင်ကူးပြောင်းလာခဲ့ကြတဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံအချို့ဟာ အပြန်အလှန် ယုံကြည်ကိုးစားမှုမရှိဘဲ(အပြန်အလှန်ယုံကြည်ကိုးစားမှုကို အခြေမခံဘဲ) ဒီမိုကရေစီကို ကျင့်သုံးခဲ့တဲ့အတွက် ကြောက်မက်ဖွယ်ရာ သွေးချောင်းစီး ပျက်စီးပြိုကွဲခဲ့ကြရတယ်။ ပြည်သူတွေ အတိဒုက္ခကြီးစွာ ကြုံခဲ့ကြရတယ်ဆိုတာကို အားလုံးကြားသိပြီး ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် သတိကြီးစွာထားပြီး ရှောင်ရှားရမယ့် အလွန်ထင်ရှားတဲ့ သင်ခန်းစာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်လာခဲ့ရတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပေမယ့် ပါတီအဖွဲ့အစည်းအချို့အနေနဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေးအတွက် အပြန်အလှန် ယုံကြည်ကိုးစားမှုကို မရှေးရှုနိုင်တဲ့အတွက် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်နိုင်ရေး နှောင့်နှေးကြန့်ကြာလာခဲ့ရတာပဲ ဖြစ်ပါတယ်။

အဲ့ဒီအကြောင်းအပေါ် အကြောင်းပြုပြီး ပြည်ပသွေးထိုးမှုတွေ၊ တစ်ဖက်သတ်ဖိအားပေးမှုတွေ၊ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ စုပြုံဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် တပ်မတော်အစိုးရဟာ ကျန်တဲ့ အမျိုးသားအင်အားစုတွေ၊ တိုင်းရင်းသားပြည်သူတွေနဲ့ အပြန်အလှန်ယုံကြည်ကိုးစားမှု ခိုင်မြဲစွာတည်ဆောက်ပြီး နိုင်ငံတော်ကို ထူထောင်လာနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် ပထမဆုံးအခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို (တစ်မျိုးသားလုံးကိုယ်စား) တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအလွှာပေါင်းစုံ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ စုံစုံညီညီစုစုဝေးဝေး ပါဝင်တက်ရောက်ပြီး ကျယ်ပြန့်ခမ်းနားစွာ ကျင်းပလာနိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့ အမျိုးသားညီလာခံကြီးရဲ့ ဝိသေသလက္ခဏာ(၅)ရပ်ကိုအခုလို ထူးခြားစွာ တွေ့ရှိနိုင်ပါတယ်။

ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး ဈေးကွက်စီးပွားရေးနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်နေတဲ့ တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင်ဆောင်ရွက်လာနိုင်တဲ့၊ ဆက်လက်ဖော်ဆောင်နေလျက်ရှိတဲ့ အစိုးရဖြစ်တယ်ဆိုတာကို တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲ ပူးပေါင်းလာမှုက သက်သေပြနေပါတယ်။

(၁) **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပထမဦးဆုံး တစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ကျယ်ပြန့်စွာ ကျင်းပနိုင်တဲ့ အမျိုးသားညီလာခံကြီး ဖြစ်ပါတယ်။**

(၂) **တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံတို့ရဲ့ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်းစုံတို့ရဲ့ ကိုယ်စားလှယ်များစုံညီသော ပထမဦးဆုံး မျက်နှာစုံညီ အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။**

(၃) **တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အပြန်အလှန်ယုံကြည်ကိုးစားမှုကို ရှေးရှုခံယူကျင်းပတဲ့ အမျိုးသားညီလာခံကြီး ဖြစ်ပါတယ်။**

(၄) **နှစ်ရှည်ကြာစွာ အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာချိန်မှာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်လာရေးကို ရှေးရှုကျင်းပတဲ့ အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။**

(၅) **တစ်မျိုးသားလုံး အကျိုးစီးပွားကို အပြည့်အဝဆောင်ရွက်သွားနိုင်ရေးအတွက် ဦးတည်ချက်(၆)ရပ်နဲ့အညီ အချိန်ယူကျင်းပတဲ့ အမျိုးသားညီလာခံကြီးဖြစ်ပါတယ်။**

ဒါကြောင့် အခုလို ဝိသေသလက္ခဏာ(၅)ရပ်နဲ့ ထူးခြားထင်ရှားစွာ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ဖန်တီးနေတဲ့ ပြည်ပအားကိုး အဆိုးမြင်ဝါဒီများနဲ့ အမျိုးသားညီလာခံကြီးကို ကျောခိုင်းဆန့်ကျင်နေကြတဲ့ ပါတီအဖွဲ့အစည်းများအနေနဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် အရာမထင် ခရီးမရောက်တဲ့ လုပ်ရပ်အမှားတွေအပေါ် သင်ခန်းစာယူပြီး အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုတဲ့ အမြင်မှန်ရဖို့ ဖြစ်ပါတယ်။

ဒီကနေ့လို တစ်မျိုးသားလုံးကိုယ်စား ကြီးမားကျယ်ပြန့်စုံညီစွာ ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကို ကျောခိုင်းပြီး သုံးပွင့်ဆိုင်၊ နှစ်ပွင့်ဆိုင်စသည်ဖြင့် လမ်းလွှဲတောင်းဆိုနေမှုတွေကို စွန့်လွှတ်ကြဖို့ လိုအပ်နေပါပြီ။ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်စွာ ဖော်ဆောင်နေတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး အနောက်ဒီမိုကရေစီ ပုံတူကူးရေးကို စွန့်လွှတ်ကြဖို့ အချိန်တန်ပြီဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး ဈေးကွက်စီးပွားရေးနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်နေတဲ့ တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကို ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင်ဆောင်ရွက်လာနိုင်တဲ့၊ ဆက်လက်ဖော်ဆောင်နေလျက်ရှိတဲ့ အစိုးရဖြစ်တယ်ဆိုတာကို တောတွင်းလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲ ပူးပေါင်းလာမှုက သက်သေပြနေပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက်မှာ ဘယ်အစိုးရကမျှ ကျင်းပနိုင်စွမ်းမရှိခဲ့တဲ့ အကျယ်ပြန့်ဆုံးအမျိုးသားညီလာခံကြီးကို ကျင်းပပေးနေတဲ့ အစိုးရလဲဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် ထူထောင်နိုင်တဲ့၊ ဆက်လက်ထူထောင်ပေးနေတဲ့ အစိုးရလဲ ဖြစ်ပါတယ်။

ဖော်ပြပါကြောင်းကျိုးဆက်စပ်မှုများကို အမြင်ကြည်လင်စွာ ဆင်ခြင်သိမြင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးရှေးရှုဦးတည်နေတဲ့၊ ဝိသေသလက္ခဏာ(၅)ရပ်နဲ့ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီး ရာနှုန်းပြည့် အောင်မြင်ရေးအတွက် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းသွားကြဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် သက်ကြီးပူဇော်ပွဲ၊ ပညာရေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဆုချီးမြှင့်ပွဲနှင့် အသင်းအစည်းအဝေးကို ဖေဖော်ဝါရီ၁၃ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာဝန်များအသင်းခန်းမ၌ ကျင်းပရာ အသင်းနာယက ဒေါ်ခင်ညွန့်က အိမ်မဲမြို့ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် မတည်ငွေကျပ်သိန်း ၃၀ ကို အသင်းဥက္ကဋ္ဌ ဦးအောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အထက(၃) ကြည့်မြင်တိုင်တွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့သော အသက် ၅၅နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်းကန်တော့ပွဲကို မတ် ၂၇ရက် (ဗုဒ္ဓဟူးနေ့) တောင်သူလယ်သမားနေ့ နံနက် ၉နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမ၌ စည်းကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာမရောက်သော်လည်း ကိုယ်တိုင်ကြွရောက်ကြရန်နှင့် အလှူငွေများကို ဦးမြင့်သန်း ဖုန်း-၀၉-၈၀-၂၄၄၆၉၊ဦးအောင်ကျော်ဦး ဖုန်း -၀၉-၅၀-၁၄၂၆၄၊ ဦးသိန်းဝင်း ဖုန်း-၅၃၈၆၉၈၊ ဦးချာလီမောင် ဖုန်း-၀၉-၅၀-၁၅၃၁၃၊ ဦးစိုးဝင်း ဖုန်း-၀၉-၉၉-၂၄၆၇၁နှင့် ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း အမှတ်စဉ် (၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က သာကေတမြို့နယ်ခန်းမတွင်ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (၄၀၀)

ဆက်သွယ်ရေးအပိုင်းတွင် ခေတ်မီဆက်သွယ်ရေးနည်းများ လေ့လာခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါ အချက်(၁၄)ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အခြေခံမှုများချမှတ်သင့်

❐ *ကျော်ဖုံးမှ*

ရွေးချယ်ခံထားရသောကိုယ်စားလှယ်

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်းငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏သဘောထားကို နိုင်ငံရေးပါတီများမှကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏နိုင်ငံရေးပါတီများကဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှူထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်များသည် ကြောင်းကျိုးဆီလျော်မှုရှိသည့်အတွက် ကိစ္စရပ် ၁၄ ရပ်အား ပြည်ထောင်စုဥပဒေပြုစာရင်း၌ အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်သည်ဟုလည်းကောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် ဆီလျော်ညီညွတ်မှုရှိသည့်အတွက် ကိစ္စရပ်သုံးရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "စက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ၏ ဥပဒေပြုအာဏာခွဲဝေမှုနှင့် ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်စာတမ်းပါအချက်အလက်များကို လေ့လာကြည့်သည့်အခါတွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသို့ မျှတမှုရှိစွာ ခွဲဝေပေးထားကြောင်းတွေ့ရှိရသည့်အတွက် ဖြည့်စွက်အကြံပြုတင်ပြရန်မရှိပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက် ၁၄ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြသင့်သည့် အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေနှင့် "မြန်မာနိုင်ငံ၏ အချို့နေရာများဖြစ်သော တိုင်းစွန်ပြည်ဖျား နယ်စပ်ဒေသများတွင် ပထဝီအနေအထားအရ တစ်နေရာနှင့် တစ်နေရာ လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲလှပါကြောင်း၊ အထူးသဖြင့် မိုးရာသီမှာ သွားလာမှုခက်ခဲခြင်းကို ရင်ဆိုင်ကြရပါကြောင်း၊ သွားလာမှုပိုမိုလွယ်ကူစေရန် သက်ဆိုင်ရာဒေသအစီအစဉ်ဖြင့် လုပ်ဆောင်ပါက ပိုမိုအဆင်ပြေလျင်မြန်မှုရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရကိုယ်စားပြည်နယ်၊ တိုင်းက ကြီးကြပ်ခွင့်ပြုရေးနှင့် ထိုက်သင့်သောလုပ်ပိုင်ခွင့်တို့ကို ခွင့်ပြုနိုင်ရေးအတွက် ဥပဒေပြုပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း အကြံပြုအပ်ပါသည်"ဟု အကြံပြုတင်ပြသွားပါကြောင်း။

တောင်သူလယ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးကုန်သွယ်မှုကို အထောက်အကူပြုမည့် လမ်း၊ တံတားများတည်ဆောက်ပြုပြင်ရေး၊ ပို့ဆောင်ရေးအပိုင်းဖြစ်သည့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၊ ယာဉ်အမျိုးအစားရောင်းချခြင်း၊ ပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရေကြောင်းဆိပ်ကမ်းကြီးများ၊ လေဆိပ်များတိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်သွယ်ရေးအပိုင်းတွင် ခေတ်မီဆက်သွယ်ရေးနည်းများကို လေ့လာခြင်း၊ ထိန်းသိမ်းခြင်း စသည်တို့လိုအပ်သလို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါကိစ္စရပ်၁၄ရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟုလည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်သုံးရပ်ကို အသေးစိတ်အခြေခံရမည့် မူများချမှတ်ပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်" ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "ပို့ဆောင်ဆက်သွယ်ရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသောကြောင့် မတိုးတက်သေးသော ဝေးလံခေါင်းပါးသည့်ဒေသရှိ ဆက်သွယ်ရေးလမ်းကြောင်း၊ မော်တော်ကားလမ်း သို့မဟုတ် ရေလမ်းတစ်ခုတည်းရှိသော မြို့၊ ဒေသများတွင် ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်စ်စသည့် ဆက်သွယ်ရေးကိရိယာများကို ဦးစားပေးတပ်ဆင်ပေးသင့်ကြောင်း"ဟု အကြံပြုတင်ပြသွားပါကြောင်း။

အလုပ်သမားကိုယ်စားလှယ်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက် ၁၄ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က "ပို့ဆောင်ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ကိစ္စရပ် ၁၄ရပ်ကို ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါသည်ဟုလည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါရှိသင့်သော ကိစ္စရပ် သုံးရပ်နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံအပ်ပါသည်"ဟုလည်းကောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေနှင့် "ဆက်လက်ပြီး ဆက်သွယ်ရေးနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) ကဏ္ဍ၌ ဖြည့်စွက်အကြံပြု တင်ပြရမည်ဆိုလျှင် ယခုအချိန်ကာလတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး (Information and Communication Technology)ကဏ္ဍသည် အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်သာမက နိုင်ငံတကာတွင်လည်း ICT ဆိုင်ရာ စီးပွားရေးလုပ်ငန်းကဏ္ဍ၊ ICT Industry သည်လည်း အကြီးမားဆုံးသော လုပ်ငန်းအဖြစ် ပေါ်ပေါက်ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့တွင် သာမက လူတိုင်း၏နေ့စဉ်ဘဝ၌ပါ မရှိမဖြစ်အနေအထားသို့ ရောက်ရှိလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိအောင်ဆောင်ရွက်ရာတွင် ICTကဏ္ဍသည် အရေးပါသည့်အခန်းကဏ္ဍအဖြစ် ရပ်တည်လျက်ရှိသည့်အပြင် ICTလုပ်ငန်းကိုလည်း နိုင်ငံတော်အတွက်အဓိက စီးပွားရေးကဏ္ဍကြီး တစ်ခုအဖြစ် ဖြစ်ထွန်းရောက်ရှိအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိပါကြောင်း။

ယခုလိုအခြေအနေမျိုးတွင် မြန်မာနိုင်ငံ၏ ICTကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ICT ဆိုင်ရာဥပဒေများကို အခါအားလျော်စွာပြဋ္ဌာန်းရမည် ဖြစ်ပါကြောင်း၊ အချို့သော ICT ဆိုင်ရာဥပဒေများကို မကြာသေးမီကာလအတွင်းက ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ယင်းတို့သည် ၁၉၉၆ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေနှင့် ၂၀၀၄ခုနှစ် မေလအတွင်းက ပြဋ္ဌာန်းခဲ့သည့် အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ(Electronic Transaction Law)တို့ ဖြစ်ကြပါကြောင်း။

ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖို့ အချိန်ယူဆောင်ရွက်ရသကဲ့သို့ ပြင်ဆင်ဖို့ရန်လည်း ခက်ခဲပါကြောင်း၊ သို့ရာတွင် ICTနည်းပညာများ၏ လျင်မြန်စွာအသစ်အသစ်ပြောင်းလဲဖြစ်ပေါ်တတ်သော သဘာဝတို့ကြောင့် ICT ဆိုင်ရာဥပဒေများကို အစဉ်ခေတ်နှင့်တစ်ပြေးညီ ဖြစ်နေစေရန်အတွက် အချိန်နှင့်အမျှ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းတို့ကိုလည်း ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။

ထို့အပြင် ICT ဆိုင်ရာဥပဒေများသည် နိုင်ငံတော်အတွင်း၌သာမက ဒေသဆိုင်ရာနိုင်ငံများနှင့်ဖြစ်စေ၊ နိုင်ငံတကာနှင့်ဖြစ်စေ သဟဇာတဖြစ်အောင် တွဲဖက်ဆောင်ရွက်နိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဤ ICT ဥပဒေများကို နိုင်ငံတော်တစ်ဝန်းလုံးတွင် တညီတညွတ် တည်းကျင့်သုံးရမည်ဖြစ်သည့်အတွက် ICT ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများ ပြုသည့်အခါတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသား ညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက် ၁၄ချက်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဟာ အဓိကနေရာမှာ ပါဝင်သကဲ့သို့ လမ်းကြောင်းတည်ဆောက်မှုများပြုလုပ်သော ဆောက်လုပ်ရေးကဏ္ဍသည်လည်း တစ်ဆက်တည်း ဆက်စပ်ပူးပေါင်းပါဝင်လာပါကြောင်း၊ ထို့ကြောင့် ဒီကဏ္ဍကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဟု ပူးပေါင်းဖြည့်စွက်ပေးစေလိုကြောင်း ပဏာမတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သည် ဆောက်လုပ်ရေးရဲ့ အခန်းကဏ္ဍအနေဖြင့် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရပါတယ်။ လက်ရှိအခြေအနေတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများက ထုတ်ပြန်ထားသည့် လူမှုဖူလုံရေးညွှန်ပြကိန်း(Social Indicators) များကို ပြည့်မီအောင် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မဟာရန်ကုန်ဒေသအတွင်း မြို့သစ်များကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုစေမည့် စက်မှုဇုန်များ တည်ဆောက်ပေးခြင်း၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ အဆောက်အအုံများ၊ လမ်းများ၊ လူနေအိမ်ခြေတိုက်တာများ၊ စုပေါင်းပိုင်အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်း၊ အဆောက်အအုံနှင့် လူနေတိုက်ခန်းများကို အများပြည်သူထံ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် စိစစ်ရောင်းချပြီး ဘဝလုံခြုံမှုရစေခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း၊ လက်ရှိလေ့လာတွေ့ရှိချက်အရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် စုပေါင်းပိုင်အထပ်မြင့်အဆောက်အအုံများဥပဒေ(Condominium Law)ကို ပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်နေပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆင့်မြင့်အိမ်ရာနှင့် ခေတ်မီအဆောက်အအုံများနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရန်ရှိလာပါက ပြဋ္ဌာန်းပေးရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟုရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် ဆောက်လုပ်ရေးဆိုသည့်စကားရပ်ကို ဖြည့်စွက်ဖို့ အကြံပြုသွားသည့်အပြင် ယင်းကဏ္ဍ၏ အမှတ်စဉ်(၁၅)အဖြစ် အဆင့်မြင့်အိမ်ရာနှင့် ခေတ်မီအဆောက်အအုံများဆိုသော စကားရပ်ကိုဖြည့်စွက်ရန် အကြံပြုသွားသည်ကိုတွေ့ရှိရပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အသေးစိတ်အခြေခံရမည့်မူ ၁၄ ချက်နဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူသုံးချက်ပါရှိတာကို တွေ့ရပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြသော အချက်များကို သဘောတူထောက်ခံကြောင်း တင်ပြပါကြောင်း။

သို့သော် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် အောက်ဖော်ပြပါ အချက်များကို သင့်လျော်သည်ဆိုပါက ဖြည့်စွက်ပေးပါရန် အကြံပြုအပ်ပါကြောင်း။

၁။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး၊
၂။ ရေကြောင်းလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊
၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
၄။ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊
၅။ ပြည်နယ်အတွင်းနှင့် ပြည်တွင်းသွားလာသည့် ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်၊ အစုအဖွဲ့ပိုင်ယာဉ်များ စနစ်တကျပြေးဆွဲရေး၊
၆။ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူ ဆက်သွယ်ရေး၊
၇။ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့် အလားတူ ဆက်သွယ်ရေး

တို့ ဖြစ်ကြပါသည်"ဟု ဆွေးနွေးတင်ပြအကြံပြုသွားပါကြောင်းဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း ကေတုမာလာ အမှတ် ၁၁(က)နေ ကွယ်လွန်သူဇနီး ဒေါ်စန်းနှင့် သား မောင်မောင်မြင့် (3/A/E Eastwind Ship Management)အား ရည်စူး၍ ဦးလှမြင့် (မန်နေဂျာ၊ ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)နှင့် သားသမီးများက ဖေဖော်ဝါရီ ၁၅ရက်က အထွေထွေပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စာမျက်နှာ ၇ မှ

နှင့် လေယာဉ်အနုကြမ်းစီးမှု၊ လေယာဉ်ကွင်းအကြမ်းဖက်မှု အရေးယူဆောင်ရွက် ခြင်း၊ လေကြောင်းထိန်းသိမ်းခြင်းအစရှိသည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် ၁၄ခုလုံး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ပေးရန်သင့်ကြောင်း ခြုံငုံတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဥပဒေပြုစာရင်းမှာ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ သုံးချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့်မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က “လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါ ကိစ္စရပ်များကိုပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်မသင့်ရှင်းလင်းချက်ဟာ ဆီလျော်မှုရှိသည့်အတွက် သင့်လျော်ပါကြောင်းတင်ပြအပ်ပါကြောင်း။

အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ပို့ဆောင်ရေးဆက်သွယ်ရေးကဏ္ဍပါ ကိစ္စရပ်များ အချက်သုံးချက်မှာလည်း ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း” ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက “ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်သည့်အချက်၁၄ချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်အချက်သုံးချက် အသီးသီးကဏ္ဍအလိုက်၊ အဆင့်အလိုက် ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ခြင်းသည် ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က “အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ဖော်ပြသင့်သည့်အချက်၁၄ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာဖော်ပြသင့်သည့် အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက “တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျလှပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားများအချင်းချင်း ကူးလူးဆက်ဆံမှုများပြားလာပြီး ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာလာမည် ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးအပိုင်းမှာလည်း ခေတ်မီဆက်သွယ်ရေးစနစ်များတိုးချဲ့တပ်ဆင်ပေးခြင်းအားဖြင့် ပြည်တွင်း၌လည်းကောင်း၊ ပြည်ပများသို့လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ လွယ်ကူလျင်မြန်စွာ ဆက်သွယ်စေနိုင်ခြင်းအားဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာပြီး ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မှာဖြစ်ပါကြောင်း။

ထို့ကြောင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကိုခြုံငုံပြီး ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းများမှာဖော်ပြပါရှိသည့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ဖော်ပြချက်များအတိုင်း အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ပါကြောင်း တင်ပြလိုပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက “လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတင်ပြခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းပါ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့်သက်ဆိုင်သည့် ကိစ္စရပ်များသည် နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီကျင့်သုံးရန်နှင့် စနစ်တကျဖြစ်စေရန်လိုအပ်ခြင်း၊ အမြဲတစေ တိုးတက်ခေတ်မီနေအောင် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ နိုင်ငံတကာကျင့်စဉ်များ၊ နိုင်ငံတကာလက်ခံသတ်မှတ်ထားသည့် စံများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ခြင်း၊ မြန်မာနိုင်ငံကပါဝင်လက်မှတ်ထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များ၊ နိုင်ငံအချင်းချင်းချုပ်ဆိုသည့်သဘောတူစာချုပ်များပါ စည်းမျဉ်း၊ စည်းကမ်းညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုအပ်ခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီး ကျွမ်းကျင်မှုအထူးလိုအပ်သည့်လုပ်ငန်းဖြစ်ခြင်း၊ အဆိုပါကိစ္စရပ်များသည် ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြပါရှိသင့်သည့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍဆိုင်ရာ ကိစ္စရပ်၁၄ရပ်အား နောင်ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေ ပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါကိစ္စရပ်များသည် ပြည်ထောင်စုကစီမံခန့်ခွဲလုပ်ကိုင်ရသည့်ကိစ္စရပ်များရှိသလို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်းစီမံခန့်ခွဲလုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စရပ်များလည်းရှိမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းတင်ပြခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍပါကိစ္စရပ်သုံးရပ်အား ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်ဆွေးနွေးတင်ပြသည်။

(သတင်းစဉ်)

လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းသည့်ကိစ္စများဥပဒေပြုရန်လိုအပ်လျှင် ပြဋ္ဌာန်းပေးနိုင်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ အခြေခံမူများချမှတ်သင့်

စာမျက်နှာ ၉ မှ

အချက် ၂၀နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်ရှစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်များအနေဖြင့် “လူသားများအတွက် အန္တရာယ်ဖြစ်စေမည့် စွန့်ထုတ်ပစ္စည်းအဖြစ်က လူသားများအတွက် အန္တရာယ်မရှိသည့် စွန့်ထုတ်ပစ္စည်းအဖြစ် ပြုပြင်ပေးသည့် Treatment Plantများကို စက်ရုံ၊ အလုပ်ရုံတိုင်းတွင် တည်ဆောက်ကတည်းက ထည့်သွင်းဆောက်လုပ်ရန် ပြဋ္ဌာန်းသောဥပဒေများ၊ စက်မှုဇုန်တစ်ခုလုံးအတွက်လည်း စုပေါင်း Treatment Plant ကြီးများကို ကျွမ်းကျင်သော ပညာရှင်များဖြင့် တည်ဆောက်သင့်ကြောင်း ပြဋ္ဌာန်းသည့်ဥပဒေများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အောက်ဖော်ပြပါအချက်ငါးချက်ကို ထပ်မံဖြည့်စွက်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း–

(၁) သန့်ရှင်းသော အဆိပ်အတောက်ကင်းစင်သည့် ပတ်ဝန်းကျင် (Clean Environment) ကို ကာကွယ်ရေး၊

(၂) ကျန်းမာရေးဆိုင်ရာ အာမခံလုပ်ငန်း၊

(၃) မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေး၊

(၄) အလုပ်သမားများ၏ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အန္တရာယ်ကိစ္စရပ်များ ကင်းစေရေး၊

(၅) သဘာဝဘေးအန္တရာယ်နှင့် လူသားများဖန်တီးသော ဘေးအန္တရာယ်များကာကွယ်ရေး။

လူမှုရေးကဏ္ဍတွင် မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးသည် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းချက်၌ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်မပါရှိဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိနေပါကြောင်း၊ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်သာ ထည့်သွင်းသင့်ပါကြောင်း။

မွေးဖွားခြင်းနှင့်သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ရေးကိစ္စရပ်များသည် နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်မှသာ စာရင်းများပေးရခြင်း၊ ဆက်ဆံခြင်းများ ပြုလုပ်ရသဖြင့် ယင်းကိစ္စရပ်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အနာဂတ်မြန်မာနိုင်ငံတွင် အခွင့်သာသည့်အခါ အာဆီယံနိုင်ငံများနှင့်သော်လည်းကောင်း၊ အခြားနိုင်ငံများနှင့် သော်လည်းကောင်း တွဲဖက်၍ Private University ခေါ် ကိုယ်ပိုင်တက္ကသိုလ်များ လိုအပ်လာနိုင်ပါကြောင်း၊ Private Universityများကိစ္စသည် အလွန်အလေးထားအပ်သော ကျယ်ပြန့်သည့် ပညာရေးကိစ္စရပ်ဖြစ်သည်နှင့်အညီ အသေးစိတ်မူများချမှတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည်ဟု အကြံပြုလိုပါကြောင်း။

ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် လူမှုရေးကဏ္ဍမှာပါသင့်သည့် ကိစ္စရပ်တစ်ရပ်ကို ဖြည့်စွက်တင်ပြပါမယ်။ ယင်းမှာ စာနယ်ဇင်းအပါအဝင် မီဒီယာများကိစ္စပင်ဖြစ်ပါကြောင်း၊ မီဒီယာဆိုရာတွင် သတင်းစာများ၊ ဂျာနယ်များ၊ စာစောင်များ၊ သုတမဂ္ဂဇင်းများနှင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ကိစ္စရပ်များ ပါဝင်ပါကြောင်း၊ မိမိတို့မျှော်မှန်းသည့် စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် စာနယ်ဇင်းများအပြင် ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာများ၏အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အပြင် ယခုထက် ပိုမိုကျယ်ပြန့်လာမည်ဟုလည်း မျှော်မှန်းပါကြောင်း၊ နိုင်ငံပိုင်သာမက အန်ဂျီအိုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင် မီဒီယာလုပ်ငန်းများလည်း အနှေးနှင့်အမြန် ပေါ်ပေါက်လာကြမည်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းသည့် မီဒီယာများကို လွတ်လပ်စွာ ရေးသားထုတ်ဝေထုတ်လွှင့်ခွင့်ပြုသလို၊ သိက္ခာမစောင့်စည်းသည့်၊ ဥပဒေမလေးစားသည့် မီဒီယာများရှိလာလျှင်လည်း ဥပဒေနှင့်အညီ အဆင့်ဆင့်အရေးယူထိန်းချုပ်ရမှာဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် စာနယ်ဇင်းနှင့် မီဒီယာများကိစ္စနှင့်ပတ်သက်ပြီး လိုအပ်သည့်ဥပဒေများကို ထားရှိဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟု အကြံပြုတင်ပြသွားသည်ကိုတွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က “အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် လူမှုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက် ၂၀နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်ရှစ်ချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါသည်”ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

“စက်မှုလုပ်ငန်းများတွင် စက်ပစ္စည်းကိရိယာများသာမက စက်ပစ္စည်းများကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြသော စက်မှုလုပ်သားများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ လုပ်သားများသည် လုပ်ငန်းခွင်၌ ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့နိုင်ကြသည်ဖြစ်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာဥပဒေ (Occupational Safety Act)နှင့် လုပ်ငန်းခွင်ကြောင့် ပေါ်ပေါက်လာနိုင်သော ဘေးဥပါဒ်များဆိုင်ရာဥပဒေ (Occupational Hazard Act)စသည့် လုပ်ငန်းခွင်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်ကြရပါကြောင်း၊ ဤအချက်များကို တစ်ပြေးညီသတ်မှတ်ဆောင်ရွက်ပေးမှသာ တူညီမျှတမှုရှိမှာဖြစ်သည့်အတွက် အထက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုစီမံခန့်ခွဲသည့် (က)ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသန လုပ်ငန်းများ၊ (ခ)ပြတိုက်များ၊ စာကြည့်တိုက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါကြောင်း၊ ကျောက်စာများနှင့် အလားတူ ရှေးဟောင်းပစ္စည်းများ ဖြစ်သည့် ‘မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ’ကိုလည်း နိုင်ငံအနှံ့အပြားတွင် ရှာဖွေတွေ့ရှိနေပါကြောင်း၊ ယင်းတို့သည်လည်း ရှေးဟောင်းအမွေအနှစ်များဖြစ်သဖြင့် မပျောက်ပျက်စေရန် ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ ‘မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ’ ရှေးဟောင်းပစ္စည်းစာရင်း၌ ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ လူမှုရေးကဏ္ဍဆိုင်ရာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြချက်များကို လေ့လာကြည့်သည့်အခါ “အမှတ်စဉ်(၁၅) ‘အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များ’ဆိုသည့် စကားရပ်အစား **အလုပ်လုပ်ချိန်၊ နားချိန်၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး** ဟု လည်းကောင်း၊ အမှတ်စဉ်(၁၉) ‘ပြည်ထောင်စုကစီမံခန့်ခွဲသည့် (က)ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ’ဆိုသည့် စကားရပ်အစား **ရှေးဟောင်းယဉ်ကျေးမှု သို့မဟုတ် သမိုင်းဝင်ဒေသများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များ၊ မှတ်တမ်းများ၊ ကျောက်စာများ၊ မင်စာများ၊ ပေပုရပိုက်များ၊ လက်ရေးစာများ၊ လက်ရာများ၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းသုတေသနလုပ်ငန်းများ**”ဟုလည်းကောင်း အစားထိုးရန်အကြံပြုသွားသည်ကို တွေ့ရှိရပါကြောင်း။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က “လူမှုရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ဖော်ပြရန်သင့်မသင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အချက်ပေါင်း၂၀ ရှင်းလင်းတင်ပြထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် အချက်ရှစ်ချက်ကို ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ယင်းအချက်များကို လေ့လာကြည့်သည့်အခါတွင် လျော်ကန်သင့်မြတ်ကြောင်း တွေ့ရှိရသည့်အတွက် ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်း။

သို့ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါရှိသည့် အောက်ပါစကားရပ်များကို အစားထိုးပြင်ဆင်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

အမှတ်စဉ်(၄) ‘မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး’ ဟူသော စကားရပ်အစား **မီးသတ်တပ်ဖွဲ့၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး** ဟူ၍လည်းကောင်း။

အမှတ်စဉ်(၆) (က) ‘ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး’ ဟူသော စကားရပ်အစား **စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး** ဟူ၍ လည်းကောင်း အသီးသီးဖြည့်စွက်အစားထိုးပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ရှိပြီးသား တိုင်းရင်းသားစာပေများကို ပျောက်ကွယ်မသွားစေရန်နှင့် မြှင့်တင်နိုင်ရန် တိုင်းရင်းသားအများအပြား နေထိုင်ရာဒေသများတွင် ၎င်းတို့နှင့် သက်ဆိုင်သည့် ဘာသာစကား၊ စာပေများကို မိမိတို့၏ အစီအစဉ်ဖြင့် သင်ကြားခွင့်ပြုနိုင်ရန်နှင့် သုတေသနပြုလုပ်နိုင်ရန်အတွက် အခွင့်အလမ်းများ ပြဋ္ဌာန်းပေးထားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်”ဟု အကြံပြုဆွေးနွေးသွားပါကြောင်းဖြင့် ကောက်နုတ်တင်ပြဆွေးနွေးသည်။

(သတင်းစဉ်)